
EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

MYITKYINA NEWS JOURNAL 5th 5 YEARS ANNIVERSARY

အတွဲ (၆)၊ အမှတ် (၅) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( ဖေဖော်ဝါရီ ၁၁ ၊ ၂၀၁၉ )




စာ - ၆ သို့ »

## နန်ဆန်ယန်ရောက် ရွာသားများနှင့် စစ်ရှောင်စခန်းတွင် ကျန်ခဲ့သူတို့ကြား အပြုသဘောဆောင်သည့် မကျေနပ်မှုများ ရှိနေ

စာ - ၁၈ သို့ »

## မြစ်ဆုံစီမံကိန်း လူပုံလယ်က ရေမချိန်ကိုက်ဗုံးကြီး ဖြစ်လာတော့မှာလား

စာ - ၈ သို့ »



## ဖေဖော်ဝါရီလအတွင်း တွေ့ဆုံရန် အစိုးရနှင့် သဘောတူထားသည့် ဆွေးနွေးပွဲတွင် ကေအိုင်အိုအပြင် ကျန် တိုင်းရင်းသား သုံးဖွဲ့လည်း ပါဝင်မည်

စာ - ၅ သို့ »

## လုံခြုံရေးရဲ လက်ချက်ကြောင့် ရေမဆေးသမားတစ်ဦး သေဆုံးခဲ့မှု ဇနီးဖြစ်သူ တရားစွဲမည်ဟုဆို

စာ - ၄ သို့ »

## ကာချုပ်နဲ့ ခရစ်ယာန်ဘာသာရေးဆရာများသီးသန့်တွေ့ဆုံ

စာ - ၁၇ သို့ »




# မြစ်ဆုံစီမံကိန်း အပြီးအပိုင် ဖျက်သိမ်းပေးရန် မြစ်ကြီးနားတွင် ဆန္ဒပြ



မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၈

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်မှ သောင်းနှင့်ချီသော ပြည်သူများက မြစ်ဆုံ ရေကာတာ စီမံကိန်း အပြီးဖျက်သိမ်းပေးရန် တောင်းဆိုသည့်အနေဖြင့် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်မြစ်ကြီးနားမြို့အတွင်း လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်း နေထိုင်သော ဒေသခံတိုင်းရင်းသားများသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ဆန့်ကျင်ကန့်ကွက်မှု မရှိကြောင်း၊ စီမံကိန်းကို ဆန့်ကျင် ကန့်ကွက်သူများမှာ ပြင်ပလူနှင့် အဖွဲ့အစည်းဖြစ်ကြောင်း တရုတ်သံရုံး၏ ထုတ်ပြန်ချက်သည် မဟုတ်မမှန်ကြောင်း ဖော်ပြလို၍ ဆန္ဒထုတ်ဖော်ရခြင်း ဖြစ်ကြောင်း မြစ်ဆုံအရေးတက်ကြွလှုပ်ရှားသူများအနက်မှ တစ်ဦးဖြစ်သူ ဦးနော်အောင်က ပြောသည်။

"လွန်ခဲ့တဲ့ ဒီဇင်ဘာလ ၂၉ မှာ တရုတ်သံအမတ် ကချင်ပြည်နယ်ကို ရောက်ရှိတဲ့အချိန်က ကချင်လူကြီးခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၂၀၁၉ ဇန်နဝါရီ ၁၃ မှာ တရုတ်သံအမတ်ကနေ ထုတ်ပြန်ကြေညာချက် မြစ်ဆုံရေကာတာနဲ့ ပတ်သက်ပြီး ပြုလုပ်တဲ့ချိန်မှာ ကချင်ပြည်နယ်သူပြည်နယ်သားများဟာ ကန့်ကွက်ခြင်းမရှိ ဆိုတဲ့စာ ပါလာတဲ့အတွက်ကြောင့်မို့ကျွန်တော်တို့ ကချင်ပြည်နယ်သား ပြည်ထောင်စု မြန်မာနိုင်ငံသားများကို သက်သက်မဲ့ စိန်ခေါ်သလို ဖြစ်ခဲ့တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ စည်းလုံးညီညွတ်စွာ တိုင်းသူပြည်သား ကချင်ပြည်နယ်သူပြည်နယ်သားတွေ အားလုံး လူမျိုးမရွေး၊ ဘာသာမရွေး ဂိုဏ်းပေါင်းစုံ ယုံကြည်မှုမတူညီကွဲပြားပေမယ့်လည်း မြစ်ဆုံစီမံကိန်း ပြုလုပ်မယ့်ကျွန်တော်တို့ရဲ့ဘုံရန်သူကို စည်းစည်းလုံးလုံးနဲ့ သိုက်သိုက်ဝန်းဝန်းနဲ့ ခုခံတားဆီးနိုင်ဖို့ ကျွန်တော်တို့ လူထုဆန္ဒ ထုတ်ဖော်ချီတက်ပွဲ ပြုလုပ်ခြင်းဖြစ်တယ်"ဟု ဦးနော်အောင်မှ ပြောသည်။

အောင်မြင်သာတွင် နေထိုင်ပြီး မြစ်ဆုံစီမံကိန်းကို အမြဲတစေရှေ့ဆုံးမှ ကန့်ကွက်လေ့ရှိသူ ဒေသခံဒေါ်လုရာက မြစ်ဆုံစီမံကိန်းကို ယာယီမဟုတ်ဘဲ ထာဝရရပ်ဆိုင်းပေးဖို့ အမျိုးမျိုးတောင်းဆိုမှုတွေ ကန့်ကွက်မှုတွေ အမြဲ ဆက်လက်လုပ်ဆောင်နေမည်ဖြစ်ကြောင်း ပြောသည်။

"အခု လက်ရှိ တရုတ်က ပြောနေတဲ့စကားက ဒေသခံတွေ အကုန်လုံးက ခေါင်းငြိမ့်ပြီတဲ့၊ အကုန်လုံးသဘောတူပြီတဲ့၊ အဲ့လို ပြောနေတော့




ကျွန်မတို့က ဘာဖြစ်သွားမလဲ။ အဲဒါကြောင့် ဒီနေ့က ကျွန်မတို့ ဒေသခံတွေစုပြီး အခုလို မြစ်ဆုံစီမံကိန်းအလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ရတာဖြစ်တယ်"ဟု ဒေါ်လုရာက ပြောသည်။

တရုတ် ကုမ္ပဏီများအနေဖြင့် မြစ်ဆုံရေကာတာ စီမံကိန်း ပြုလုပ်နိုင်ရေးအတွက် ဒေသခံများကို ပညာရေး၊ ကျန်းမာရေး အစစအရာရာ ကူညီလျက်ရှိသော်လည်း မြစ်ဆုံနှင့် လုံးဝလဲမည် မဟုတ်ကြောင်း ဒေါ်လုရာမှ ဆက်လက်ပြောသည်။

ဆန္ဒပြရာတွင် ပါဝင်သူ ဦးဒေါင်ဇောင်းက "မြစ်ဆုံဆိုတာ ကျွန်တော်တို့ ဘိုးဘွားတွေရဲ့ တကယ့် အဖိုးတန်တဲ့ အရာတစ်ခု ဖြစ်တယ်၊ ပျက်စီးလို့ မဖြစ်ဘူး။ ဒါကြောင့် အဲ့ဒီ မြစ်ဆုံကို ဘယ်တော့မှ သဘောတူမှာ မဟုတ်ဘူး။ မြစ်ဆုံစီမံကိန်း စလုပ်ပြီဆိုတာနဲ့ ပြည်သူတွေအတွက် ခံစားရမှာက ဒုက္ခနဲ့ ဖြစ်ပျက်လာမယ့် ဆိုးကျိုးတွေပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်။ သမိုင်းအနေနဲ့လည်း သမိုင်းကြွေးမကျန်ဖို့ ကျွန်တော်တို့က ဒီနေရာမှာပါဝင်ခြင်း ဖြစ်ပါတယ်။ ဒီလိုဆန့်ကျင့်မှုမျိုးသာမက တခြား ကန့်ကွက်မှုမျိုးလည်း ပါဝင်သွားမယ်"ဟု ပြောသည်။

အဆိုပါ ရေကာတာ တည်ဆောက်မည့် အရေးနှင့်ပတ်သက်ပြီးလာအိုနိုင်ငံမှ ရေကာတာ ကျိုးကျပျက်စီးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးဆုံးရှုံးနစ်နာမှုများသာမက ပြည်သူများ၏ အသက်အိုးအိမ် ဆုံးရှုံးမှုကို သင်ခန်းစာယူရန် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော ရေအားလျှပ်စစ် စွမ်းအင်ဆိုင်ရာ လေ့လာခြင်းသင်တန်းတွင် ပေါင်းကူးမှ ဆရာကျော်စိုးဦးက ပြောသည်။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာအနေဖြင့် မြစ်ဆုံစီမံကိန်း ဆက်လုပ်ဖြစ်မည် မဟုတ်ဟု ယုံကြည်ကြောင်း နိုင်ငံရေးအမြင်ဖြင့် သုံးသပ်ပြောဆိုခဲ့သည်။

"မြစ်ဆုံကို လူတိုင်းက သဘာဝအတိုင်း ရှိစေချင်တယ်။ မပြောင်းလဲစေချင်ဘူး။ လူတိုင်းရဲ့ဆန္ဒ ဖြစ်တယ်။ နိုင်ငံရဲ့ဂုဏ်လည်း ဖြစ်တယ်၊ မြစ်ဆုံနံဘေးက သဘာဝ ပတ်ဝန်းကျင်တွေ ပျက်စီးသွားမယ်။ ဒီ အချက်ကြောင့် မြစ်ဆုံကို လုံးဝ ဆက်လုပ်နိုင်မယ်လို့ မထင်ဘူး။ မြစ်ဆုံကို ကချင်ပြည်သူတွေသာ မကဘူး။ အောက်ပြည်အောက်ရွာက ပြည်သူတွေကလည်း ဒီ မြစ်ဆုံကို ကန့်ကွက်တာပဲ။ ဘယ်သူမှ မလုပ်စေချင်ကြဘူး။ ဒါပေမဲ့ ဒီလုပ်ငန်းကိစ္စကို လုပ်မယ်ဆိုရင် ဒီလုပ်ငန်းက လုံးဝ မဖြစ်သင့်ဘူး"ဟု ဒေါက်တာတူးဂျာမှ ပြောသည်။

Kachin Development Networking Group မှ အတွင်းရေးမှူးဖြစ်သူ ဦးစားဂျီကလည်း မြစ်ဆုံရေကာတာ စီမံကိန်းကို ဆောက်လုပ်ခွင့် ပြုလိုက်လျှင် တွေ့ကြုံလာမည့် ဆိုးကျိုးများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရပြီး မြန်မာပြည်တွင်းရှိ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် နေထိုင်ကြသော လူဦးရေ သုံးသန်းခန့်၏ အသက်အိုးအိမ် စတေးခံကာ တရုတ်အကျိုးအမြတ်အတွက် ပြုလုပ်မည်လားဆိုသည့်အရာကို စဉ်းစားရန် အချိန်တန်ပြီဖြစ်ကြောင်း ပြောသည်။

"မပျက်စီးတဲ့ ရေကာတာဆိုတာ ကမ္ဘာမှာ မရှိပါဘူး။ လူလုပ်တဲ့အရာက သဘာဝအတိုင်း ဘယ်တော့မှမခိုင်မြဲဘူး။ ဒါကြောင့်မို့ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒီရေကာတာက ပျက်စီးမယ်။ ငလျင်တွေ လှုပ်ခတ်လို့ရှိရင် ချက်ချင်း ပျက်စီးမယ်။ အဲဒီအချိန်မှာ ချက်ချင်း မြစ်ကြီးနားထိမယ်၊ နောက်ပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာရှိတဲ့ လူဦးရေ သိန်းသန်းလောက် မှီခိုနေကြတဲ့အတွက် အဲဒီ အိုးအိမ်တွေက မတွေးရဲစရာ စတေးခံရမှာဟာ သေချာတယ်"ဟု ဦးစားဂျီက ပြောသည်။

ယင်း မြစ်ဆုံရေကာတာ စီမံကိန်းကို ယခင် အစိုးရကာလ ယာယီ ရပ်ဆိုင်းထားခဲ့သည်မှာ ၇ နှစ်ကျော်ဝနှစ်ရှိပြီဖြစ်၍ မြစ်ဆုံ ရေကာတာ စီမံကိန်းကို ထာဝရရပ်ဆိုင်းပေးရန် နှစ်စဉ်နှစ်တိုင်း ဒေသခံများနှင့်အတူ ကချင်ပြည်သူလူထုများ တောင်းဆိုနေကြသော်လည်း လက်ရှိအစိုးရမှ အဆိုပါ မြစ်ဆုံအရေးကို လျစ်လျူရှုထားဆဲဖြစ်သည်။

မြစ်ကြီးနားမြို့တွင် ထိုနေ့က ပြုလုပ်ခဲ့သည့် ဆန္ဒဖော်ထုတ်ခြင်း အစီအစဉ်တွင် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များမှ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ ဒေသခံလူဦးရေသောင်းချီ ပါဝင်ခဲ့ကြပြီး မြစ်ဆုံရေကာတာ အပြီးအပိုင် ဖျက်သိမ်းရေး၊ ဒေသခံပြည်သူများ မူလနေရပ်သို့ လွတ်လပ်စွာ နေထိုင်ခွင့်ရရှိရေး ဧရာဝတီမြစ် ထာဝရ လွတ်လပ်စွာ စီးဆင်းရေး စသည့်အချက်များ ကြွေးကြော်ခဲ့ကြသည်။




Ah Je

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်၊ ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# လုံခြုံရေးရဲ လက်ချက်ကြောင့် ရေမဆေးသမားတစ်ဦး သေဆုံးခဲ့မှု ဇနီးဖြစ်သူ တရားစွဲမည်ဟုဆို



ဖေဖော်ဝါရီ ၅

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာနှင့် မဇ္ဈပ်ယန်ကျေးရွာအနီးရှိ တစ်သုံးလုံးကျောက်မျက်တူးဖော်ရေးကုမ္ပဏီ မြေစာပုံတွင် ဖေဖော်ဝါရီလ ၄ ရက်နေ့က လုပ်ကွက်လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ရေမဆေးသမားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

သေနတ်ထိမှန်သေဆုံးခဲ့သည့် မောင်ကျော်ဇင်ဖြိုး အသက်(၂၅) နှစ်သည် ဦးခေါင်းထိမှန်ခဲ့ပြီး နောက်စေ့ ပွင့်ထွက်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ ရေမဆေးသမားများ၏ ပြောကြားချက်အရ သိရသည်။

"သူတို့ ဝင်ခွင့်ပြုတဲ့အချိန်မှာ ဝင်ကြတာပဲ။ ဟိုတစ်ဘက်က ဝင်ခိုင်းတော့ ဒီဘက်ကလည်း ဝင်လို့ရလို့ဆိုပြီး ဝင်ကြရင်းနဲ့ ရဲက ပစ်လိုက်တာ။ ကျွန်တော် လူဘက်ကို တစ်ချက်ပစ်ပြီးမှ မိုးပေါ်ထောင်ပြီး လေးငါးချက်လောက် ဖောက်တာ" အမည်မဖော်လိုသူ အနီးကပ် တွေ့မြင်သူတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အခင်း စဖြစ်ပွားချိန် ရဲဘက်မှ ချော်လဲကျကာ ကျောက်ခဲနှင့်ရိုက်မိသည်ဟု ငြင်းဆန်ခဲ့သော်လည်း ရရှိသည့် ဒဏ်ရာမှာ သေနတ်ဒဏ်ရာမှန်း သိမှသာ ရဲက ဝန်ခံသွားသည်ဟုလည်း အထက်ပါပုဂ္ဂိုလ်မှ ဆက်လက်ပြောကြားသည်။

ကျောက်ကုမ္ပဏီများတွင် ရေးမဆေးသမားများအား နေ့လည်ခင်းအချိန် ဝင်ရောက်ရှာဖွေခွင့် မပြုထားသောလည်း ဝမ်းဘရားသားနှင့် တစ်သုံးလုံးကုမ္ပဏီတွင် နံနက် ၁၁ တွင် ဝင်ရောက်ရှာဖွေခွင့်ပြုထားကြောင်းလည်း သိရသည်။


မောင်ကျော်ဇင်ဖြိုး သေဆုံးရခြင်းနှင့် ပတ်သက်ပြီး ဇနီးဖြစ်သူက သေနတ်ဖြင့် ပစ်သူနှင့် တာဝန်ရှိသူများကို တရားစွဲမည်ဖြစ်သည်ဟုလည်း သိရသည်။

"သူတို့ဝင်ခိုင်းလို့ဝင်တာကို သေနတ်နဲ့ ဘာလို့ပစ်ရတာလဲ။ ကျွန်မက တရားစွဲသွားမှာ"ဟု မောင်ကျော်ဇင်ဖြိုး၏ ဇနီးဖြစ်သူမှ ပြောသည်။

ဖားကန့် ကျောက်စိမ်းတွင်း ဒေသအတွင်း အထက်ပါဖြစ်စဉ်မျိုး မကြာခဏ ဖြစ်ပွားလေ့ရှိပြီး ၂၀၁၈ အောက်တိုဘာလ ၁၈ ရက်နေ့တွင်လည်း အထက်ပါ တစ်သုံးလုံးကုမ္ပဏီ လုပ်ကွက်အတွင်းလုံခြုံရေးရဲများပစ်ခတ်မှုကြောင့် ရေမဆေး ၅ ဦး ပွဲချင်းပြီး သေဆုံးခဲ့ရကာ ၂၀ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

# ဖားကန့်တွင် မြေစာပုံပြိုကျမှုကြောင့် ရေမဆေးသမားများ သေဆုံး



ဖေဖော်ဝါရီ ၅

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ မော်စီစာကျေးရွာအနီးတွင် ဖေဖော်ဝါရီလ ၄ ရက်နေ့က မြေစာပုံ ပြိုကျမှုကြောင့် ရေမဆေးကျောက် ရှာဖွေသူ နှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

မြေစာပုံပြိုကျချိန်က မြေစာပိပြီးသေဆုံးသူရေမဆေးသမားဦးရေကို အတိအကျမပြောဆိုနိုင်ကြသော်လည်း သေဆုံးသူ ဦးရေမှာ ယခုထက် ပိုမိုများပြားပြီး အယောက် ငါးဆယ်ထက် မနည်းပင် ရှိနိုင်သည်ဟု မျက်မြင်တွေ့ရှိခဲ့သည့် ရေမဆေးသမားများ၏ ပြောကြားချက်အရ သိရသည်။

"နှစ်ယောက်ကတော့ လူပျောက် လာတိုင်ထားတယ်။ တချို့ကလည်း ၁၀ ယောက်လောက်ပါသွားတယ်။ တချို့ကလည်း အများကြီးပါသွားတယ်လို့ ပြောနေကြတယ်" ဟု မော်စီစာကျေးရွာ တာဝန်ခံအဖွဲ့ဝင် ကိုဖိုးပွားမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိတွင် မြေစာသွန်ပစ်ခြင်းကို ရပ်နားထားပြီး အထက်ပါ မြေစာပုံသည် လုပ်ကွက်ဟောင်း အတွင်းသို့ ဆက်လက်သွန်ဖို့နေသည့်ရေအနက်ပေ ၁၀၀ ခန့် ရှိနိုင်ကြောင်းလည်း ဒေသခံများက ပြောဆိုနေကြသည်။

" ကျွန်တော့်ရှေ့မှာတင် မြေစာက လျှောကျလာတာ။ ခဏနေတော့ ပေ ၅၀ လောက် လျှောကျသွားတာ။ မြေစာကား နှစ်စီးပါသွားတယ်။ လူကတော့ အနည်းဆုံး ငါးဆယ်ရဲ့ အထက်မှာ ပါသွားနိုင်တယ်။ ကားနှစ်စီးမှာ ရှာတဲ့သူတွေ ပထမပါသွားတယ်။ နောက်ထပ် သူ့လူ ကိုယ့်လူပါသွားမလား ဆိုပြီး ခတ်မီးတွေ ထိုင်ထိုးကြတဲ့အချိန်မှာ ဖြုတ်ဆို ထပ်ပြိုသွားတာ။ အဲဒီမှာကြည့်နေတဲ့သူတွေအကုန်ပါသွားတာပဲ"ဟု မျက်မြင်တွေ့ရှိခဲ့သူ ရေမဆေးသမား တစ်ဦးမှ ပြောသည်။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ပျောက်ဆုံးသူ နှစ်ဦးနှင့် ဒဏ်ရာရရှိသူ နှစ်ဦးရှိခဲ့ကြောင်း ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အတည်ပြုပြောဆိုသည်။

"မြေစာ သွန်တာတွေကိုတော့ ရပ်ခိုင်းထားတယ်။ အန္တရာယ်ကင်းလောက်တဲ့အဆင့် ရောက်မှပဲ ပြန်ပစ်ဖို့ ခွင့်ပြုတော့မယ်"ဟု ဦးကျော်စွာအောင်မှ ပြောသည်။

ဖားကန့် ကျောက်စိမ်းတွင်းဒေသ အတွင်း မြေစာပြိုမှုနှင့် ကမ်းပါးပြိုမှုကြောင့် နှစ်စဉ်လူပေါင်း ရာနှင့်ချီသေဆုံးနေပြီး ယခုပြိုကျမှုသည် ၂၀၁၉ ခုနှစ်တွင် ပထမအကြိမ် ပြိုကျခြင်းဖြစ်ကာ ၂၀၁၈ ခုနှစ်က မြေစာပုံပြိုမှုနှင့် ကမ်းပါးပြိုမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ အယောက် ၁၇၀ ကျော်ခန့် သေဆုံးခဲ့ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)
ဇော်မိုးထက်(ဖားကန့်)

# ဖေဖော်ဝါရီလအတွင်း တွေ့ဆုံရန် အစိုးရနှင့် သဘောတူထားသည့် ဆွေးနွေးပွဲတွင် ကေအိုင်အိုအပြင် ကျန် တိုင်းရင်းသား သုံးဖွဲ့လည်း ပါဝင်မည်

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၇

ကေအိုင်အိုနှင့် အစိုးရတို့ ဖေဖော်ဝါရီလတွင် ပြုလုပ်မည့် တရားဝင်တွေ့ဆုံ ဆွေးနွေးပွဲတွင် ကေအိုင်အိုအပြင် ကျန်သည့် တိုင်းရင်းသားလက်နက်ကိုင် သုံးဖွဲ့လည်းပါဝင်ရန် အစိုးရက သဘောတူထားကြောင်း ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့(PCG)မှ သိရသည်။

ကေအိုင်အိုနှင့် အတူ ရက္ခိုင့်တပ်မတော် (AA)၊ ကိုးကန့်နှင့် ပလောင်အဖွဲ့များလည်း ပါဝင်မည်ဖြစ်ကြောင်း PCG မှ ဦးဆန်အောင်က ပြောသည်။

မူလက ထိုဆွေးနွေးပွဲတွင် ကေအိုင်အေအဖွဲ့နှင့်သာ တွေ့ဆုံရန် သဘောတူခဲ့ကြသော်လည်း အဆိုပါ သုံးဖွဲ့ ပါဝင်လာရေးအတွက် ကေအိုင်အိုမှ အစိုးရထံ တင်ပြတောင်းဆိုခဲ့သဖြင့် ပါဝင်လာခြင်းဖြစ်သည် ဟုလည်း ၎င်းက ပြောသည်။

"လေးဖွဲ့လုံးနဲ့ တွေ့ဖို့က အစိုးရက သဘောတူပြီ။ ကေအိုင်အေ၊ ပလောင်၊ ကိုးကန့်၊ AA ရယ်ပေါ့။(တရုတ်နိုင်ငံ)ကူမင်းမှာ အလွတ်သဘော ဆွေးနွေးတဲ့အချိန်မှာ ကျွန်တော်တို့ ဆန္ဒက တစ်နိုင်ငံလုံးအဆင့် အတိုင်းအတာကို လိုချင်တဲ့အခါကျတော့ ကျန်တဲ့ ၃ ဖွဲ့နဲ့ပါ တစ်ခါတည်း တွေ့လိုက်ရင် ပိုမမြန်ဘူးလား ဆိုတဲ့အနေအထားနဲ့ ကေအိုင်အိုဘက်က တင်ပြထားတာရှိတယ်။ တင်ပြတော့ ခုရက်ပိုင်းကပဲ။ ရတယ်၊ တစ်ခါတည်း တွေ့လိုက်မယ်ဆိုပြီး အစိုးရဘက်က သဘောတူလိုက်တာပေါ့"ဟု ဦးဆန်အောင်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

အစိုးရ၊ တပ်မတော်၊ ကေအိုင်အို အပါအဝင် ၄ ဖွဲ့ ပါဝင်မည့် တွေ့ဆုံမှုကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့ နောက်ပိုင်း ရက်များတွင် ကျင်းပနိုင်ဖွယ်ရှိပြီး နေ့ရက်နှင့် တွေ့ဆုံမည့်မြို့၊ နေရာတို့ကို မသိရှိရသေးဟု ဆိုသည်။

"နေရာ၊ ရက်တွေ မသိရသေးဘူး။ ၉ ရက်နေ့လောက်မှာ အခြေအနေသိရမယ်။ ကြာမှာ၊ သူတို့ဆွေးနွေးကြအုံးမယ်"ဟု PCG မှ တာဝန်ရှိသူ ဦးလမိုင်ဂွမ်ဂျာက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက်နေ့က ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့(NRPC)တို့ တရုတ်နိုင်ငံ ကူမင်းမြို့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့ရာ တရားဝင်တွေ့ဆုံမှုတစ်ခုပြုလုပ်နိုင်ရန် သဘောတူညီမှု ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

အလွတ်သဘော တွေ့ဆုံခဲ့ကြစဉ်က အစိုးရကိုယ်စားလှယ်အဖွဲ့မှ ငြိမ်းချမ်းရေးကော်မရှင် ဒုဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးတို့ ပါဝင်ပြီး ကေအိုင်အိုအဖွဲ့မှ ဗိုလ်ချုပ်ဂွမ်မော်၊ ကေအိုင်အို အထွေထွေအတွင်းရေးမှူး ဦးလနန်တို့ ဦးဆောင်ပြီး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Salai

# ပြည်သူ့ဘဏ္ဍာများကို စီမံခန့်ခွဲရာတွင် ပြည်သူများပါဝင်နိုင်သည့် အခန်းကဏ္ဍကို အများပြည်သူသိရှိစေရန် သင်တန်းပို့ချ

ဖေဖော်ဝါရီ ၅

ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်၏ သဘောတရားများနှင့် ပြည်သူ့ဘဏ္ဍာများကို စီမံခန့်ခွဲရာတွင် ပြည်သူများ ပါဝင်နိုင်သည့် အခန်းကဏ္ဍကို အများပြည်သူသိရှိစေရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးဝင်းတွင် ဖေဖော်ဝါရီလ ၄ ရက်နှင့် ၅ ရက်နေ့က အခြေခံသင်တန်းတစ်ရပ်ကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို အရပ်ဘက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် "ပျိုး"အဖွဲ့မှ ဦးဆောင်ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး သင်တန်း၏ ရည်ရွယ်ချက်များမှာ (၁)ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်၏ အခြေခံ သဘောတရားများကို နားလည်လာစေရန်၊ (၂) ပြည်သူအခြေပြု တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အကြောင်းကို သိရှိလာရန်၊ (၃) မြို့နယ်အဆင့် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ပြည်သူလူထု ပါဝင်နိုင်သော အခန်းကဏ္ဍများကို သိရှိစေရန်ဖြစ်သည်ဟု ပျိုးမှ သင်တန်းဆရာမ ဒေါ်ရွယ်နူးက ပြောသည်။

"ရည်ရွယ်ချက် ၃ ခုမှာ ဘာပဲဖြစ်ဖြစ် စီမံအုပ်ချုပ်မှုစနစ် ဆိုတဲ့အခန်းမှာ ဘယ်လို အခန်းကဏ္ဍလေးတွေ ပါတယ်၊ စနစ်ဆိုတဲ့ဟာက ဘယ်လိုဟာတွေကို ပြောတယ်ဆိုတဲ့ဟာကို လုပ်နေတဲ့လုပ်ငန်းစဉ်တွေနဲ့ ချိတ်ဆက်မိသွားအောင် ရည်ရွယ်ပါတယ်"ဟု ဆရာမရွယ်နူးက ပြောသည်။

မြို့နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ပြည်သူလူထုအသံများ ပါဝင်လာနိုင်ရေးနှင့် အစိုးရနှင့် ပြည်သူအကြား တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းလာစေရန်အတွက် အထောက်အကူပြုလာနိုင်စေရန် မျှော်မှန်းသည်ဟုလည်း သိရသည်။

"လုပ်ဆောင်နေတဲ့လုပ်ငန်းအတွေ့အကြုံနဲ့ လက်တွေ့မှာ ဘယ်လိုလုပ်နေကြလဲ၊ ဘယ်လိုကျင့်သုံးနေကြလဲဆိုတဲ့ သဘောတရားတွေ နောက်ပြီး စာတွေ့သဘောတရားတွေ ချိတ်ဆက်ပြီးမှ လက်တွေ့နဲ့စာတွေ့ ချိတ်ဆက်ပြီး ရှေ့ဆက်ဘယ်လို လုပ်ဆောင်သွားမလဲ ဆိုတဲ့ ကဏ္ဍကိုသွားဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်"ဟု ပျိုးအဖွဲ့မှ ဒါရိုက်တာ ကိုဆွတ်ဘောမ်ရိန်က ပြောသည်။

အဆိုပါသင်တန်းသို့ လာတက်ရောက်သူ အမျိုးသမီးတစ်ဦးကလည်း အပြန်အလှန်ဆွေးနွေးမှုတွင် စီမံအုပ်ချုပ်မှုစနစ်အား မည်ကဲ့သို့မြင်သည်ကို ယခုကဲ့သို့ ပြောသည်။

"စီမံအုပ်ချုပ်မှုစနစ် ဆိုတာက မိသားစုတစ်ခုမှာ မနက်ဖြန်ဆို သားက ဘာလုပ်မလဲ၊ သမီးက ဘာလုပ်မလဲ၊ အလုပ်တစ်ခုကိုပေါ့ ညကတည်းက တာဝန်ခွဲလိုက်တာ စီမံခန့်ခွဲတယ်လို့ မြင်ပါတယ်" ၎င်း၏အမြင်ကို ပြောဆိုဆွေးနွေးသည်။

ယခုကဲ့သို့ သင်တန်းများကို ကျေးရွာ၊ ရပ်ကွက်ပေါင်း ၁၅ ခုတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ယခု မန်ခိန်ရပ်ကွက်တွင် ဖွင့်လှစ်သည့် သင်တန်းမှာ သတ္တမအကြိမ်မြောက် ဖွင့်လှစ်သည့်သင်တန်း ဖြစ်ကြောင်း သိရသည်။

ပျိုး လူမှုအဖွဲ့အစည်းသည် လူငယ်များပေါင်းစည်းထားသည့် အရပ်ဘက်အဖွဲ့အစည်းဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ကာ ကချင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး၊ ကလေးသူငယ် ကာကွယ်စောက်ရှောက်ရေး ကိစ္စရပ်များကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

Salai

## Editorial
## အယ်ဒီတာ့အာဘော်

### ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေဆိုတာ

ကမ္ဘာ့နိုင်ငံတွေတိုင်းမှာ ပဋိပက္ခကိုယ်စီ ရှိကြပါတယ်။ အကြောင်းရင်းကတော့ ဖွံ့ဖြိုးမှုနှေးပြီး ဆင်းရဲတာ၊ သဘာဝသယံဇာတ ပေါများတာ၊ ကုန်ကြမ်းများစွာ ထုတ်လုပ်ရောင်းချနိုင်တာနဲ့ လူမျိုးကြီးဝါဒကို လက်ကိုင်စွဲတာ စတာတွေကြောင့်လို့ နိုင်ငံရေးပညာရှင်တွေက သုံးသပ်ကြပါတယ်။

ဒီနေရာမှာ စဉ်းစားစရာကောင်းတာက မတူကွဲပြားတဲ့ တိုင်းရင်းသား လူမျိုးစုများလို့ ပဋိပက္ခဖြစ်တာ မဟုတ်ဘူးဆိုတဲ့အချက်ပါ။ ကွဲပြားတဲ့လူမျိုးစု များတဲ့နိုင်ငံမှာ ပဋိပက္ခဖြစ်ဖို့ ရာခိုင်နှုန်းနည်းတယ်လို့ ဝါရင့် နိုင်ငံရေးသမားတွေက ဆိုထားပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာတော့ ပထမအုပ်စုဖြစ်တဲ့ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ဒုတိယအုပ်စုဖြစ်တဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ အရင်းအမြစ်ခွဲဝေရေး ကိစ္စတွေမှာ မတရားဘူးဆိုတဲ့ ခံယူချက် စတာတွေကြောင့် ဒီအမြစ်တွယ်နေတဲ့ ပဋိပက္ခပေါ်ပေါက်လာရတယ်လို့ ဆိုရမှာပါ။ ဒါဟာ ပြည်တွင်းပဋိပက္ခဖြစ်စေတဲ့ အဓိကအကြောင်းအရင်းပါ။

ကမ္ဘာ့စစ်ပွဲ သမိုင်းကြောင်းတွေ ပြန်ကြည့်ရင် နိုင်ငံချင်းဖြစ်တဲ့ ပဋိပက္ခကြောင့်မဟုတ်ဘဲ ပြည်တွင်းပဋိပက္ခကြောင့် စစ်ဖြစ်ရတာပါ။ ၁၉၈၉ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်အတွင်း ဖြစ်ခဲ့တဲ့ စစ်ပွဲပေါင်း ၁၀၁ ခုထဲက ၆ ခုသည်သာ နိုင်ငံချင်းဖြစ်တဲ့စစ်ပွဲ ဖြစ်ပြီး ကျန်တဲ့ ၉၅ ခုဟာ ပြည်တွင်းစစ်ပွဲတွေချည်းပါ။

၁၉၉၆ ကမ္ဘာအဝန်းဖြစ်ခဲ့တဲ့ ပဋိပက္ခပေါင်း ၂၇ ခုမှာ ၂၂ ခုဟာ အရှေ့က ပြောခဲ့တဲ့ အုပ်စုနှစ်စုကြောင့် ဖြစ်ခဲ့တာပါ။ ဒီ အမြစ်တွယ်နေတဲ့ ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းဖို့ အင်မတန်ခက်ခဲလှပါတယ်။ ဖိနှိပ်ခြင်း၊ အမြစ်ပြတ်ချေမှုန်းခြင်း စတဲ့နည်းတွေနဲ့ ဖြေရှင်းရင် ရမယ်လို့တွက်ပြီး ဖြေရှင်းခဲ့တဲ့ နိုင်ငံအတော်များများမှာ ယာယီငြိမ်းချမ်းမှုသာ ရပြီး ပဋိပက္ခတွေ ပြန်ဖြစ်လာတာ တွေ့ရပါတယ်။

ဒီအမြစ်တွယ်နေတဲ့ ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းဖို့ ဒီမိုကရေစီ နည်းလမ်းသည်သာ အသင့်တော်ဆုံးလို့ ကမ္ဘာ့နိုင်ငံရေး ကျွမ်းကျင်သူတွေက လက်ခံထားပါတယ်။ သို့သော် ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခအားလုံးကို ဖြေရှင်းပေးနိုင်မှာတော့ မဟုတ်ပါဘူး။ ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံတွေမှာတောင် ပဋိပက္ခတွေ ရှိနေကြပါသေးတယ်။

ဒါပေမည့် ဒီပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းဖို့အတွက် လိုအပ်နေတဲ့ အဖွဲ့အစည်းတွေ၊ ပါတီတွေ၊ အင်စတီကျူးရှင်း စတဲ့ လိုအပ်တဲ့အရင်းအမြစ်တွေကို ပျော့ပြောင်းညင်သာစွာ ဖွဲ့စည်းဆောင်ရွက်နိုင်တာက ဒီမိုကရေစီစနစ်ပဲဆိုတာ ကျွန်တော်တို့ ငြင်းလို့မရနိုင်ပါဘူး။

ကျွန်တော်တို့ရဲ့ နိုင်ငံတော်အစိုးရဟာ ဒီမိုကရေစီစနစ်ကို စတင်အကောင်ထည်ဖော်ပြီး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်တွေကို ကြိုးစားဆောင်ရွက်နေတာ တွေ့ရပါတယ်။ အဲ့ဒီရဲ့ အသီးအပွင့်အနေနဲ့ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးကနေပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနဲ့ "ထာဝရငြိမ်းချမ်းရေး"အတွက် သဘောထားထုတ်ပြန်ခဲ့ပြီး အပစ်အခတ်တွေကို ၄ လတာ ရပ်ဆိုင်းခဲ့တာပါ။

ဒီ ၄ လတာ အပစ်ရပ်စဲလိုက်ခြင်းကြောင့် ဆုံးရှုံးသွားနိုင်တဲ့ လူ့အသက်ပေါင်းများစွာကို ကယ်တင်လိုက်နိုင်ပြီး အချို့သော ဒုက္ခသည်တွေ နေရပ်ကို ပြန်နိုင်ခဲ့ကြပါပြီ။ ၄ လမကဘဲ တိုက်ပွဲတွေကိုထာဝရ ရပ်စဲလိုက်မယ်ဆိုရင် ဒီထက်မကသော အကျိုးကို နိုင်ငံသားတွေ ခံစားကြရမှာပါ။

တိုက်ပွဲမရှိတော့ဘူးဆိုရင် တိုက်ပွဲစားရိတ်၊ ကာကွယ်ရေးစားရိတ်တွေကို လျှော့ချနိုင်ပြီး၊ စစ်သည်အင်အားတွေကို နိုင်ငံကုန်ထုတ်လုပ်မှု စွမ်းအားတွေအဖြစ် ပြောင်းလဲပေးနိုင်မှာပါ။ ဒါဒီမိုကရေစီစနစ်ရဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေလို့ ဆိုချင်ပါတယ်။

# ပြည်နယ်အစိုးရ၏ အလွဲများနှင့် ပြည်နယ်စာရင်းစစ်၏ စစ်ဆေးတွေ့ရှိချက်

ဖေဖော်ဝါရီ ၄

ကချင်ပြည်နယ် အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ အရ/အသုံး ဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များနှင့် ၂၀၁၈ ခုနှစ် တစ်နှစ်တာ အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ပြည်နယ်စာရင်းစစ်ချုပ်က လွှတ်တော် အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့က ကျင်းပခဲ့သည့် ကချင်ပြည်နယ်လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့သည့် ယင်းအစီရင်ခံစာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းမလိုက်နာဘဲ လုပ်ဆောင်ခြင်း၊ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ လုပ်ငန်းပြီးစီးမှုမရှိဘဲ ငွေထုတ်ယူခြင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေလုံးငွေရင်းအသုံးစရိတ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် - ၃၅/၂၀၁၇ နှင့်အညီ သုံးစွဲမှုမရှိခြင်း၊ နိုင်ငံပိုင်ငွေ/ပစ္စည်းနစ်နာ ဆုံးရှုံးမှုစသည့် စစ်ဆေးတွေ့ရှိချက်များ ပါရှိသည်။

ယင်းအပြင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဌာနဆိုင်ရာ ရငွေများကို ဘဏ်သို့ ပေးသွင်းမှုမရှိဘဲ ထိန်းချန်ထားခြင်း၊ ၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ဘတ်ဂျက် ခွဲဝေမပေးဘဲ ဆောင်ရွက်သည့် လုပ်ငန်းများ စစ်ဆေးတွေ့ရှိချက်များလည်း အစီရင်ခံစာတွင် ပါဝင်ကြောင်း သိရသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခြင်း ခံထားရသည့် ဗန်းမော်-မိုးမောက်-မြစ်ကြီးနား လမ်းပိုင်းတွင် Power Five Stars ကုမ္ပဏီကို တန်ဖိုး ကျပ်သန်း ၁၁၀၀၇ ဒသမ ၀၀၉ ကျော်သုံးစွဲရမည့် လုပ်ငန်းကြီး(၇)ခုကို တာဝန်ပေးခဲ့ရာ ယင်းအနက်မှ ငွေလုံးငွေရင်းလုပ်ငန်း နှစ်ခုဖြစ်သည့် မန္တလေး-လားရှိုး-ဗန်းမော် - မြစ်ကြီးနား - ဒေါ့ဖုန်းယန် လမ်းပိုင်းတွင် ကွန်ကရစ် ဘေးဘောင်နှစ်ဘက် ပြုလုပ်မှုအတွက် ကျပ် ၇၆၁၁ သန်းနှင့် မိုးမောက်-ဒေါ့ဖုန်းယန် အပိုင်းတွင် ကျောက်စီ ရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းကို ကျပ် ၈၆၂ သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး ၂၀၁၈ အောက်တိုဘာလ ၅ ရက်နေ့ စစ်ဆေးချက်အရ ၇၅ ရာခိုင်နှုန်းသာ ပြီးစီး၍ လုပ်ငန်းအားလုံး အပ်နှံနိုင်ခြင်း မရှိသေးကြောင်းလည်း သိရသည်။

"မေးမြန်းချက်အရ အခုအစီရင်ခံတင်ပြချိန်မှာတော့ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီလို့ လမ်း ဦးစီးဌာနက ပြန်ကြားချက်အရ သိရှိရတယ်လို့ တင်ပြအပ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေက ရွှေကူအထိ ကားနဲ့သွားတဲ့အခါ အဲဒီမှာကြည့်တဲ့ အခါကျတော့ ပါဝါဖိုက်စတားက လုပ်ထားတဲ့လမ်းဟာ ၉၀ ရာခိုင်နှုန်းပြီးတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ကျွန်တော်အနေနဲ့ သုံးသပ်ပါတယ်။ လမ်းဘေးရေမြောင်းတွေ လုပ်ထားတဲ့ ကိစ္စတွေကလည်းပဲ Point Of View ကနေ ကြည့်ရင်တော့ ပြောစရာတွေရှိလိမ့်မယ်လို့ကျွန်တော် ထင်ပါတယ်"ဟု ပြည်နယ်လွှတ်တော်တက်ရောက်လာသည့် ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် စာရင်းစစ်ချုပ် ဦးတင်လှိုင်က ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယင်းလမ်းပိုင်းရှိ အချို့နေရာများ၌ ချောက်ကမ်းပါးအစပ်တွင် ဖို့မြေများ အသားမကျသေးခြင်းကြောင့် မိုးတွင်းအခါတွင် မြေပြိုနိုင်ပြီး လမ်းများ ပျက်စီးနိုင်ကြောင်း၊ မြေထိန်းနံရံများဖြင့် စနစ်တကျ လုပ်ဆောင်သင့်ကြောင်း၊ အချို့နေရာများတွင် ရေလမ်းကြောင်းထွက်ပေါက်များ ပြုလုပ်မထားသည်ကို တွေ့ရှိရကြောင်းလည်း ဦးတင်လှိုင်က တွေ့ရှိချက်များကို ထောက်ပြပြောဆိုခဲ့သည်။

အထက်ပါ လမ်းပိုင်းကတ္တရာလမ်း ခင်းကျင်းရန် ဆောင်ရွက်မှုကို ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ရမည်ဖြစ်သော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ - ၂၅၁ အရသော်လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၃၃၊ ၃၄၊ ၃၅ အရသော်လည်းကောင်း ကချင်ပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်းမရှိခဲ့သလို အတည်ပြုချက် ရယူခြင်းလည်း မရှိခဲ့ဟုဆိုကာ ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနကို အရေးယူပေးရန် မြစ်ကြီးနားမှ တရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းသိန်းက နေပြည်တော်ရှိအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားထားသည့် လမ်းပိုင်း ဖြစ်ကြောင်းလည်း သိရသည်။

အစီရင်ခံစာတွင် ဝန်ကြီးဌာန ၇ ခုအတွက် ကျပ်သန်း ၅၀၀ ခန့် (၄၉၇ ဒသမ ၆၁၉) အကုန်အကျခံ ဝယ်ယူထားသော VIP ယာဉ် ၇ စီး၏ ပိုင်ဆိုင်မှု အမည်မှာလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့ အမည်ပေါက်ဖြင့် ဝယ်ထားခြင်းမဟုတ်ဘဲ ဝန်ကြီးဌာန အမည် သို့မဟုတ် အခြားအမည်တို့ဖြင့်ဝယ်ယူထားသည်ကိုတွေ့ရသဖြင့် ပြည်နယ်အစိုးရ အမည်ပေါက်အဖြစ် ပြင်ဆင်ရန် အကြံပြုခဲ့ကြောင်းလည်း သိရသည်။

၎င်းယာဉ် ၇ စီးအနက် ၄ စီးသည် ငွေစတင်ထုတ်ယူသည့်ရက်မှ တစ်လကျော်နှင့် ၆ လကျော် ကြာမြင့်ချိန်အထိ ချက်ချင်းဝယ်ယူခြင်း မပြုသည်ကို တွေ့ရှိရကြောင်း၊ ယာဉ်တစ်စီးကိုမူ ဘဏ္ဍာနှစ် ကျော်လွန်မှ ဝယ်ယူခဲ့ခြင်းဖြစ်ကာ ယာဉ်သုံးစီးဝယ်ယူမှုမှ ပိုလျှံငွေကိုလည်း ဘဏ္ဍာရေးနှစ်အတွင်း ပြည်လည် အပ်နှံခြင်းမပြုဘဲ ဘဏ္ဍာရေးနှစ် ကျော်လွန်မှ ဌာနထုတ်ငွေစာရင်းသို့ ပေးသွင်းခဲ့ထားခြင်းမှာ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းဥပဒေများကို ချိုးဖောက်ရာရောက်သဖြင့် နောင်အခါတွင် ပြဋ္ဌာန်းချက်များကို တိတိကျကျ လိုက်နာရန်လည်းအကြံပြုထားကြောင်း သိရသည်။

ထို့အပြင် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ပြည်နယ်အတွင်းရှိ ကချင်ပြည်နယ် အစိုးရရုံး အပါအဝင် ဌာနပေါင်း ၈ ခုမှ ငွေလုံးငွေရင်း ရန်ပုံငွေလုပ်ငန်း ၂၀၅ ခု၊ သာမန် ရန်ပုံငွေလုပ်ငန်း ၅၃ ခုနှင့် အရေးပေါ် ရန်ပုံငွေ ၄ ခု၊ လုပ်ငန်းစုစုပေါင်း ၂၆၂ ခုကို ဆောင်ရွက်စေခဲ့ကြောင်းလည်း သိရသည်။

ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းပေါင်း ၂၀၅ ခုအနက် ပြည်နယ် အစိုးရအဖွဲ့မှ ဆောင်ရွက်သည့် လုပ်ငန်း




ပေါင်း ၈၀ ခု ပါဝင်ပြီး အထွေထွေ ပိုလျှံရန်ပုံငွေ (GRF)မှ ရရှိသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်း ၁၁ ခု ကျပ်သန်းပေါင်း ၄၃၀၀ ကျော် (၄၃၈၇ ဒသမ ၈၁၀) အား လုပ်ငန်းတင်ဒါခေါ်ယူခြင်းမရှိဘဲ ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ နိုဝင်ဘာလ ၂၃ ရက်စွဲပါ အစည်းအဝေး အမှတ် (၃၅/၂၀၁၇) အရ ဆုံးဖြတ်ပြီး လုပ်ငန်းအပ်နှံကြိုတင်ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိခဲ့သည်ဟု သိရသည်။

အဆိုပါ လုပ်ငန်း ၁၁ ခုကို အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာရေး ခွင့်ပြုမိန့်မရရှိဘဲ ကြိုတင်ဆောင်ရွက်ခဲ့သည့် အပြင် မူလစီမံကိန်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသောလုပ်ငန်းများ၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီး (ခွင့်ပြုရန်ပုံငွေ ရရှိချိန်ထိ) တင်ဒါခေါ်ယူထားခြင်း မရှိသည့် လုပ်ငန်းများ ဖြစ်သောကြောင့် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၄/၁/၁ (၁၇၁၉) အရ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခွင့် မရှိသည့် လုပ်ငန်းများအဖြစ် စိစစ်တွေ့ရှိရသော်လည်း ကချင်ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုထားသည်ကို တွေ့ရကြောင်းလည်း ဖော်ပြပါရှိသည်။

ပြည်နယ်စာရင်းစစ်ချုပ် တင်သွင်းခဲ့သည့် အဆိုနှင့် ပတ်သက်ပြီး တနိုင်းမဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ စီမံကိန်းဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက အစိုးရအဖွဲ့၏ လုပ်ဆောင်ချက် အမှားအယွင်းများကို လွှတ်တော်တွင် ထောက်ပြဆွေးနွေးခဲ့သည်။

"ကချင်ပြည်နယ် အစိုးရအဖွဲ့မှာ ဝန်ကြီးချုပ်တာဝန်ပေးအပ်တဲ့ တည်/ကော် အဖွဲ့ ရှိပါလိမ့်မယ်။ တာဝန်အပ်နှင်းခံရတဲ့ ဝန်ကြီး သို့မဟုတ် ပြည်နယ်အဆင့် တည်/ကော်အဖွဲ့အစည်းမှ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့သော စိန်ခေါ်မှုများရှိနေသလဲဆိုတာ ဤလွှတ်တော်ကို ရှင်းပြပေးဖို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တောင်းဆိုပါတယ်"ဟု ဦးဇော်ဝင်းက ဆွေးနွေးသည်။

ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းသည် အထက်ပါလဆွေးနွေးချက်များကို ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ နိုင်ငံတော်ဘဏ္ဍာ အလေအလွင့် ဖြစ်နေခြင်းများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ခြင်း ဖြစ်ကာ ပြည်နယ်စာရင်းချုပ်၏ အစီအရင်ခံစာအရပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော် ကိုယ်စားလှယ်၏ အခန်းကဏ္ဍ ဖြစ်သည့် ကိုယ်စားပြုခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းနှင့် Check and Balance အားနည်းနေသေးကြောင်းလည်း ထောက်ပြပြောဆိုခဲ့သည်။


ပြည်နယ်စာရင်းစစ်ချုပ် အစီအရင်ခံစာနှင့် ပတ်သက်ပြီး နောင်မွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်ခိုင်ဖြိုးလွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်နှင့် ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ KSDP လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲတို့က ထောက်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌမှ မှတ်တမ်းတင်အဖြစ် ထားရှိပေးခဲ့သည်။

ယင်းကဲ့သို့ ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ဆောင်နေမှုများသည် လုပ်ပိုင်ခွင့်ရှိသည်ထက်ပိုပြီး ဘောင်ကျော်ကာ လုပ်ဆောင်နေခြင်းဖြစ်သည်ဟုလည်း ဥပဒေပညာရှင်အချို့က သုံးသပ်သည်။

"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်တာတွေ့ရသလို ဝန်ထမ်းတွေရဲ့ ဥပဒေ ချိုးဖောက်တာကိုလည်း တွေ့ရှိရတယ်။ ပြီးရင်လည်း ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်တာကိုလည်းတွေ့ရှိရတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားရင် ပိုပြီးသင့်လျော်မယ်လို့ထင်တယ်"ဟု လွှတ်တော်သို့ လေ့လာရေးအဖြစ် တက်ရောက်ခဲ့သူ တရားလွှတ်တော်ရှေ့နေ ဦးဂဲနက်စ်က ထောက်ပြဝေဖန်သည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခွင့်ရရှိကြသည့် တည်ဆောက်ရေးလုပ်ငန်းများကို ပုံမှန်စစ်ဆေးရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တည်/ကော်၏ အတည်ပြုချက်ရယူထားပြီးဖြစ်ခြင်းနှင့် လုပ်ငန်းရာခိုင်နှုန်း ပြီးစီး၍ တရားဝင် လွှဲပြောင်းလက်ခံထားပြီးဖြစ်ခြင်း စသည့် အချက်နှစ်ချက်နှင့် ကိုက်ညီမှသာ စာရင်းစစ်ခြင်းနှင့် မျက်မြင် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြရပြီး ကချင်ပြည်နယ်တွင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်းက အထက်ပါ အချက်နှစ်ချက်နှင့် ကိုက်ညီမှုမရှိခဲ့သောကြောင့် ဌာန(၁၃)ခုမှ လုပ်ငန်းပေါင်း (၂၁၃)ခုကို စစ်ဆေးမှု မပြုနိုင်ခဲ့ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)




**တုတ်ထိုး** - ပြင်လိုက်ပြီ။ ပြင်လိုက်ပြီ။ စာအုပ်အစိမ်းကြီးကို ပြင်လိုက်ပြီ။
**အိုးပေါက်** - ပြင်လိုက်ပြီ။ ပြင်လိုက်ပြီ။ ဥတွေကို ပြင်လိုက်ပြီ။

**တုတ်ထိုး** - ဟင်၊ ဘာတွေ ဘာတွေ။
**အိုးပေါက်** - အိမ်ဘေးနားက ကောင်လေးတစ်ယောက် ဘုန်းကညာတစ်ပါး လုံးရာကပြားဖို့ ထိုင်းနိုင်ငံသွားပြီး ပြင်လိုက်တာ။ ဟဲ ဟဲ ဟဲ။ နေပါဦး စာအုပ်အစိမ်း ပြင်တယ်ဆို။

**တုတ်ထိုး** - ဟုတ်တယ်လေ။ ဒီမှာ ခြတွေစား၊ ဖုန်တွေတက်၊ လူမြင်မကောင်းအောင် ဖြစ်နေလို့ ဖုန်တွေခါ၊ ပြဲနေတာတွေ ချုပ်ပြီး ပြင်နေတာ။
**အိုးပေါက်** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - စာအုပ်စိမ်း ပြင်ဆင်ရေးကတော့ တော်တော်လေး လှုပ်ခတ်သွားသဗျ။ အခြေခံဥပဒေပြင်ဆင်ရေးအတွက် လွှတ်တော်မှာ အကြိတ်အနယ်ဖြစ်နေချိန်နဲ့ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး ဝေဖန်ထောက်ပြမှုတွေ လုပ်ခဲ့တဲ့ ရှေ့နေဦးကိုနီ ကွယ်လွန်တာ ၂ နှစ်ပြည့်တာ တိုက်ဆိုင်နေတယ်ဗျ။
**အိုးပေါက်** - အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းမှာ အခြေခံဥပဒေအရင်မှာပဲ ပြဌာန်းချက်တွေ တင်းတင်းကျပ်ကျပ် ချမှတ်ထားတာ။ ယေဘူယျအနေနဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းက ပြင်ဆင်ဖို့ လိုအပ်တယ်တဲ့ဗျ။ ပြီးတော့ ပြင်ဆင်လိုတဲ့ ဥပဒေမူကြမ်းကို လွှတ်တော်ကို တင်သွင်းရမှာတဲ့ဗျ။

**တုတ်ထိုး** - တပ်မတော်ဘက်ကတော့ ထပြီး ကန့်ကွက်ခဲ့ကြတယ်နော်။ NLD ရဲ့ အခုလိုလုပ်ရန်ဟာ လုပ်ထုံးလုပ်နည်းနဲ့မညီလို့ ကန့်ကွက်ရတာလို့ ဆိုတယ်ဗျ။
**အိုးပေါက်** - NLD ဘက်ကလည်း ပြောဆိုထားတာရှိပါတယ်။ အခုကိစ္စဟာ အခြေခံဥပဒေ ပြင်ဆင်ရေး မဟုတ်သေးဘဲ ပြင်ဆင်နိုင်ဖို့ ယန္တရားတစ်ခု တည်ဆောက်လိုခြင်းသာ ဖြစ်သလို ပြင်ဆင်ရာမှာလည်း ဆောလျင်စွာ ပြင်ဆင်နိုင်ဖို့ ဖြစ်တယ်လို့ ပြောဆိုထားတာဗျ။

**တုတ်ထိုး** - တပ်မတော်ဘက်ကလူတွေ အနေနဲ့ ရှေ့ဆက်ပြီး ပိုမိုကြံ့ခိုင်စွာ လာဦးမှာ မြင်ယောင်ပါသေးရဲ့။
**အိုးပေါက်** - ဗျာ။ ဘာဖြစ်လို့။

**တုတ်ထိုး** - ထိုင်ထတွေသာ ဆက်လက်ပြီး ကြိုးစားပမ်းစားလုပ်နေကြဦးမယ်ဆိုရင်ဖြင့် ပိုမိုကြံ့ခိုင်လာနိုင်တာပေါ့ခင်ဗျာ။
**အိုးပေါက်** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။ ဒီက အကောင်းမှတ်လို့ နားထောင်နေတာ။

**တုတ်ထိုး** - ရယ်တော့ ရယ်ရတယ်ဗျ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ လုပ်တော့ ၉၂ ရာခိုင်နှုန်းကျော်က ထောက်ခံမှု ရရှိခဲ့တယ်လို့ ဆိုတယ်။ NLD က ပြည်နယ်နဲ့တိုင်းအစုံက မြို့နယ်ပေါင်း ၂၆၇ မြို့နယ်မှာ လူထုဆန္ဒကောက်ယူတော့ ၉၇ ရာခိုင်နှုန်းက ပြင်ဆင်ဖို့ လိုလားကြသတဲ့။ အဲ့ဒါ ၂၀၁၃ က စစ်တမ်းကောက်ယူခဲ့တာ။
**အိုးပေါက်** - ဒီမိုကရေစီစံနှုန်းနဲ့ မညီညွတ်တာတွေ ပြင်ဆင်ရမယ်။ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီထူထောင်ရေးမှာ အဟန့်အတားဖြစ်စေတဲ့ အချက်အလက်တွေပြင်ဆင်ရမယ်။ တန်းတူအခွင့်အရေးကို အကာအကွယ်မပေးနိုင်တဲ့ ဥပဒေတွေ ပြင်ဆင်ရမယ်။ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ပေါ်ရေးကို ထိခိုက်စေတာတွေ ပြင်ဆင်ရမယ်။

**တုတ်ထိုး** - ဒါပေ့ါဗျာ။
**အိုးပေါက်** - စာအုပ်အစိမ်းကြီးထဲမှာ ပြည်သူတွေရဲ့ ဘဝတွေ ပိတ်မိနေတဲ့ကိစ္စတွေအတွက် ကျုပ်တို့ပြည်သူတွေကလည်း ဒီ ပြင်ဆင်ရေးမှာ တစ်တပ်တစ်အား ပါဝင်ဖို့ လိုပါတယ်။

**တုတ်ထိုး** - အနာဂတ်အခြေခံဥပဒေပြင်ဆင်ရေး အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ခံယူကြရပါမယ်။
**အိုးပေါက်** - ပြင်ဆင်ဖို့ အခွင့်အရေးက ရပ့ါမလားဗျ။

**တုတ်ထိုး** - ဘာဖြစ်လို့။
**အိုးပေါက်** - ကျုပ်ကတော့ အမျိုးသားအကျိုးစီးပွားအတွက် ရေးဆွဲထားတယ်ဆိုတာ သိပ်တော့ မယုံကြည်ဘူး။

**တုတ်ထိုး** - သူတို့အမျိုး၊ သူတို့သား အကျိုးစီးပွားရေးအတွက်လို့ သွယ်ဝိုက်ပြောတားမှ မသိတာ။
အိုးပေါက် - အကောင်းပြောလာရင် ဖောက် ဖောက်လာပြီ။

**တုတ်ထိုး** - ကျုပ် မယုံကြည်တာက ပြည်သူလူထု ၉၂ ရာခိုင်နှုန်းက ထောက်ခံထားတယ်ဆိုတာပဲ။
**အိုးပေါက်** - ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ရင် ပြင်ဆင်နိုင်ဖို့ အခွင့်အရေးရမယ်ထင်ပါရဲ့။

**တုတ်ထိုး** - ပြင်ဆင်နိုင်မယ် မထင်ပါဘူးဗျာ။ ဒါပေမဲ့ ပြင်ဆင်ဖို့ ဖိအားပေးနိုင်လောက်မယ် ထင်ပါရဲ့။
**အိုးပေါက်** - လွှတ်တော်ထဲမှာ အခြေခံဥပဒေပြင်ဆင်ဖို့ အခွင့်အရေးရှိတယ်မဟုတ်လား။

**တုတ်ထိုး** - ၇၅ ရာခိုင်နှုန်းတော့ ကျော်မှရမယ်။
**အိုးပေါက်** - ဒါ နားလည့်ပါးရိုက်တာပဲ။ ဘယ့်နှယ်ဗျာ။ တပ်မတော်က ၂၅ ရာခိုင်နှုန်း ရှိနေတာဗျာ။ ရွေးကောက်ခံကိုယ်စားလှယ်၇၅ ရာခိုင်နှုန်းက ပြင်ဆင်ဖို့ ထောက်ခံတယ်ထားဦး ၂၅ ရာခိုင်နှုန်းထဲက တစ်ယောက်ပါလာဖို့ လွယ်ပ့ါမလား။

**တုတ်ထိုး** - မလွယ်လောက်ပါဘူး။ ကြည့်ပါလားဗျာ။ လွှတ်တော်ထဲမှာ မတ်တပ်ရပ် ထိုင်ထလုပ်နေကြတာပဲ နမူနာကြည့်ပါ။ ၂၅ ရာခိုင်နှုန်းထဲက ပြင်ဆင်ဖို့ တစ်ယောက်ထွက်လာဖို့ ဆိုတာ လူ့ပြည်က အပ်တစ်စင်းနဲ့ နတ်ပြည်က အပ်တစ်စင်း ထိပ်တိုက်တွေ့သလိုမျိုး ခက်ခဲပါလိမ့်မယ်။
**အိုးပေါက်** - ထိုင်ထအုပ်စုနဲ့ ထိုင်ကြည့်အုပ်စုတွေကြား ပြင်ဆင်ရေးက ကြန့်ကြာပါဦးမယ်။

**တုတ်ထိုး** - ထိုင်ထအုပ်စုကတော့ ဟုတ်ပါပြီ။ ထိုင်ကြည့်အုပ်စုက ဘာကြီးတုန်း။
**အိုးပေါက်** - ထိုင်ကြည့်အုပ်စုက ပြည်သူ့လစာထိုင်စားပြီး ကြားနေတဲ့ မဲပိုင်ရှင်ဆန်ကုန်မြေလေး ညာဝါးတွေကို ပြောတာပါဗျာ။

**တုတ်ထိုး** - အဲ့ဒါတွေ အသာထားစမ်းပါဦးဗျာ။ ဘရာဇီးဆည်ကျိုးပေါက်မှုသတင်းကြားပြီးပြီလား။
**အိုးပေါက်** - မကြားမိသေးပါဘူးဗျာ။ ပြောပါဦး။

**တုတ်ထိုး** - ဇန်နဝါရီ ၂၅ ရက်က ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၊ ဘရူမာဒင်ဟိုပြည်နယ်မှာ ဖြစ်ခဲ့တာ။ လူတော်တော်များများ သေကြတယ်။ လူ ၃၀၀ ကျော်က ပျောက်ဆုံးနေတယ်။ မိုင်းတွင်းတစ်ခုနဲ့ ဆက်စပ်နေတဲ့ ဆည်တဲ့ဗျ။ မိုင်းတွင်းလုပ်သားတွေရယ်၊ အနီးအနားတစ်ဝိုက်မှာရှိတဲ့ ဒေသခံတွေ အသက်ဆုံးရှုံးခဲ့ကြရတယ်။ ပျောက်ဆုံးနေတဲ့လူ ၃၀၀ ကျော်ကလည်း မျှော်လင့်ချက် မရှိနိုင်ဘူးတဲ့ဗျ။
**အိုးပေါက်** - တော်တော်ကြောက်စရာကောင်းလိုက်တာဗျာ။

**တုတ်ထိုး** - အခုဆည် ကျိုးပေါက်မှုမှာ ဆည်အောက်ပိုင်းဧရိယာတွေ အဆိုးဆုံးဒဏ်ခံခဲ့ကြရတယ်။ ဘရာဇီးအစိုးရကတော့ ထုတ်ပြန်ထားပါတယ်။ တစ်နေ့ပြီးတစ်နေ့ အသေအပျောက်စာရင်း အတည်ပြုချက်မြင့်တက်လာနိုင်ပါတယ်လို့ ဖွင့်ဟထားတယ်။
**အိုးပေါက်** - မြစ်ဆုံစီမံကိန်းကြီးလည်း ဆက်မဖြစ်ဖို့ လိုတယ်။

**တုတ်ထိုး** - ကျုပ်ကတော့ ၁၀၀ ရာခိုင်နှုန်း ကန့်ကွက်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဖေဖော်ဝါရီ ၁၁ ၊ ၂၀၁၉ )

# မြစ်ဆုံစီမံကိန်း လူပုံအလယ်က ရေမချိန်ကိုက်ဗုံးကြီး ဖြစ်လာတော့မှာလား

ယော်ဘောမ် မန်ရှန် ရေးသားသည်။

ယခင်အစိုးရက ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှု ဖျက်သိမ်းလိုက်လျှင် မည်သည့် ရင်းနှီးမြှုပ်နှံသူ (စီးပွားရေးလုပ်ငန်းရှင်)မျှ မြန်မာနိုင်ငံကို ယုံကြည်တော့မည်မဟုတ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခရီးစဉ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် စစ်အစိုးရက ခွင့်ပြုခဲ့သည့် မြစ်ဆုံစီမံကိန်းသည် လူပုံအလယ်က ဧရာမချိန်ကိုက်ဗုံးကြီး ဖြစ်လာတော့မည်လား စဉ်းစားစရာ ဖြစ်လာသည်။

သမ္မတ ဦးသိန်းစိန် လက်ထက်တွင် ရပ်ဆိုင်းခဲ့သော မြစ်ဆုံရေကာတာ စီမံကိန်းကို ပြန်လည် စတင်နိုင်ရန် တရုတ်က လက်မလျှော့ဘဲ ကြိုးစားလျက် ရှိသည်မှာ အားလုံးအသိပင် ဖြစ်သည်။ နှစ်နိုင်ငံကြားချုပ်ဆိုခဲ့သည့် စာချုပ်ကို စီမံကိန်းနှင့် ပါဝင်ပတ်သက်နေခဲ့ကြသည့် ယခင် စစ်အစိုးရနှင့် လက်ရှိအစိုးရ ခေါင်းဆောင်များမှလွဲ၍ မည်သူမှ မသိရှိသေးသည့်အတွက် စီမံကိန်း၏ အကျိုးအမြတ်ကို တိတိကျကျမသိနိုင်ပါ။ သို့သော် မြန်မာပြည်သူလူထု၏ ဝိုင်းဝန်းကန့်ကွက်နေမှုကို သိရှိသည့်တိုင်အောင် လက်မလျှော့နိုင် ဖြစ်နေသည်ကို ကြည့်ခြင်းဖြင့် တရုတ်အတွက် အကျိုးအမြတ် မနည်းဆိုတာ သိသာသည်။

ဤစီမံကိန်းကိုအကောင်အထည်ဖော်ဖြစ်ခဲ့လျှင် ဖြစ်ပေါ်လာမည့် ရေတို၊ ရေရှည် သဘာဝ ပတ်ဝန်းကျင်နှင့် ဧရာဝတီ မြစ်ကြောင်း၏ ဂေဟစနစ်တစ်ခုလုံးကိုပျက်စီးစေမည့်အပြင် အမျိုးမျိုးသော လူမှုရေးဆိုင်ရာ ဆိုးကျိုးများနှင့် ပတ်သက်ပြီး သုတေသန စာစောင်များ၊ သတင်းစာ ဆောင်းပါးများများစွာ ထွက်ရှိပြီးဖြစ်သည်။ (ရွာပေါင်းများစွာကို အတင်းအဓမ္မ ရွှေ့ပြောင်းပြီးလည်းဖြစ်ပါသည်။)သို့သော် နိုင်ငံ့လုံခြုံရေး ရှုထောင့်မှ လေ့လာသုံးသပ် ဆွေးနွေးမှု သိပ်မတွေ့ရသေးပါ။

ဤစီမံကိန်းသည် ချိန်ကိုက်ဗုံးကြီးကဲ့သို့ ကြောက်စရာကောင်း၍ ပြည်သူလူထု၏ အသက်လုံခြုံရေးအား အန္တရာယ် တစ်ချိန်ချိန်တွင် ထိခိုက်စေနိုင်သောကြောင့် လုံးဝ ရပ်စဲသင့်ပေသည်။ ကက်သလစ် ခရစ်ယာန် ဂိုဏ်းချုပ် ဘုန်းတော်ကြီး ကာဒီနယ်လ်ချားလ် မောင်ဘိုကလည်း မြစ်ဆုံစီမံကိန်းကို ပြည်သူလူထုအားလုံး အတွက် 'သေဒဏ်'ဖြစ်ကြောင်း မကြာသေးခင်က ပြောကြားခဲ့သည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် လူနေထူထပ်သည်မှာလည်း အားလုံးအသိပင်။ ပြည်သူလူထု၏ အသက်လုံခြုံမှုကို ခြိမ်းခြောက်ခြင်းသည် နိုင်ငံ့လုံခြုံရေးကို ထိခိုက်သည်နှင့် အတူတူပင် မဟုတ်ပါလော။

မြစ်ဆုံစီမံကိန်းကို ချိန်ကိုက်ဗုံးကြီးနှင့် ခိုင်းနှိုင်းမှုကို ချဲ့ကားသည်ဟု ထင်မြင်သူတွေလည်း ရှိနိုင်သည်။ ချဲ့ကားပြီး ရေးသားခြင်းမဟုတ်ပါ။ ၂၀၁၇ခုနှစ်တွင်ထုတ်ဝေခဲ့သော "Socio-Economic Atlas of Myanmar" အမည်ရှိ အစီရင်ခံစာ (စာမျက်နှာ ၄၉)တွင် မြစ်ဆုံစီမံကိန်း နေရာသည် Sagaing Namyin နှင့် Puqu fault lines ခေါ် ငလျင်ကြောနှစ်ခုပေါ် ကျရောက်နေသည်ကို တွေ့ရသည်။ ၁၈၁၆ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း မြစ်ဆုံစီမံကိန်း ပတ်ဝန်းကျင်တွင် ဗဟိုပြုပြီး ပြင်းအား ၅ မှ ၅ဒသမ၉ ရှိ ငလျင် ၃ ခုနှင့် ပြင်းအား ၆ မှ ၆ဒသမ၉ ရှိငလျင် ၁ ခု လှုပ်ခဲ့ကြောင်းကိုလည်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ Swiss Seismological Service ၏ ရှင်းလင်းချက်အရ ပြင်းအား အဆင့် ၅ ရှိ ငလျင်သည် အဆောက်အအုံကို လှုပ်ခတ်နိုင်ပြီး၊ ပြင်းအား အဆင့် ၆ ရှိငလျင်သည် အဆောက်အအုံကို အက်ကွဲစေနိုင်ကြောင်း၊ ပြင်းအားအဆင့် ၇ ရှိ ငလျင်သည် အတော်အတင့်သော ပျက်စီးမှုကို ဖြစ်စေနိုင်ကြောင်း ဖော်ပြထားသည်။ ပုထုဇဉ်လူသားတွေ တည်ဆောက်သော အဆောက်အအုံ (ရေကာတာ)က သဘာဝတရား၏ ခွန်အားကို ခံနိုင်စွမ်းရှိမည် မဟုတ်ပါ။

ရေကာတာ နှင့် ဆည် တို့သည် ငလျင် အန္တရာယ်တစ်ခုတည်းကြောင့် ပြိုပျက်နိုင်သည် မဟုတ်ပါ။ မိုးသည်းထန်စွာ မိုးရွာသွန်းမှုကြောင့် ရေကာတာ၊ ဆည်များ ပျက်စီးခဲ့သော သာဓကတွေလည်းများစွာရှိသည်။ဥပမာ - ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် Puerto Rico နိုင်ငံမှာ မာရီယာ ဟာရီကိန်းကြောင့် မိုးကြီးပြီး ဆည်ကျိုး၍ လူပေါင်းများစွာ ဒုက္ခဆင်းရဲ ရောက်ခဲ့ရသော သာဓက၊ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်လည်း အိမ်နီးချင်း လာအိုနိုင်ငံတွင် မိုးသည်းထန်မှုနှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာ အားနည်းမှုတို့ကြောင့် ဆောက်လုပ်ဆဲ ရေကာတာဆည် ကျိုးပေါက်၍ ရွာပေါင်း ၆ ရွာ ရေလွှမ်းသွားခဲ့ပြီး လူပေါင်း ရာနဲ့ချီ ပျောက်ဆုံးခဲ့သော သတင်းနှင့် ၁၉၇၅ ခုနှစ် ဩဂုတ်လတွင် တိုင်ဖွန်းနီနာကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ တရုတ်နိုင်ငံ ဟေနန်ပြည်နယ်ရှိ Banqiao ရေကာတာကြီးကျိုးခဲ့ပြီး လူပေါင်း ၂၃၀,၀၀၀ ခန့် သေဆုံးခဲ့ရသလို လူ ၁၁ သန်းလောက် နေရပ်စွန့်ခွာပြေးခဲ့ရသော သာဓကများကိုလည်း ဆင်ခြင်နှလုံးသွင်းသင့်ပေသည်။ ထို့ပြင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှာ ဘရာဇီးနိုင်ငံမှာ သတ္တုကုမ္ပဏီတစ်ခု၏ သတ္တုတွင်း စွန့်ပစ်ပစ္စည်း (သို့မဟုတ်) စွန့်ပစ်ရေနှင့် ရွှံ့ရေ သိုလှောင်ထားသည့် ဆည်တစ်ခု ပြိုပျက်ခဲ့သဖြင့် လူ ၃၀၀ လောက် ပျောက်ဆုံးနေသော သတင်းကိုလည်း ဆင်ခြင်သင့်ပေသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင်လည်း မိုးသည်းထန်မှုကြောင့် ပဲခူးတိုင်းရှိ ဆွာ ရေလှောင်တမံကျိုးခဲ့ပြီး လူ ၁၀ ယောက်ကျော် သေဆုံးပြီး၊ ရွာပေါင်း ၈၀ ကျော် (လူ ၆၀,၀၀၀ ကျော်) ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ဥစ္စာပစ္စည်း များစွာ ဆုံးရှုံးခဲ့ရသည်ကိုလည်း အမှတ်ရသင့်သည်။


မမြဲသော သင်္ခါရတရားကိုလည်း အမှတ်ရသင့်သည်။ သဘာဝအလျောက် တည်ရှိနေခဲ့သော ကျောက်ဆောင်၊ တောင်တန်းများပင်လျှင် မိုး၊ ရေ၊ လေ၊ ငလျင်စသော သဘာဝ ဘေးဒဏ်များကြောင့် မြေပြို၍ ပျက်စီးနိုင်သည် မဟုတ်လား။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဆိုးရွားသော သဘာဝဘေးဒဏ်များ အခံရဆုံး စာရင်းဝင်နိုင်ငံတစ်ခု ဖြစ်သည်ကိုလည်း မမေ့သင့်ပါ။ ပုထုဇဉ်လူသားအသိပညာဖြင့်တည်ဆောက်သောအရာ နှစ်ပေါင်း ဘယ်လောက်ခံနိုင်မှာလဲ။

အကြောင်းကြောင်းကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပေါက်ကွဲပျက်ဆီး၍ နောင်လာနောက်သားများ အသက် သေဆုံးပြီး ဒုက္ခတွေ့ကြုံရသော တစ်နေ့တွင် တရုတ်အပါအဝင် နိုင်ငံတကာမှ လူသားခြင်းစာနာမှု အထောက်ပံ့တွေ ရောက်လာနိုင်သည်။ (နာဂစ်မုန်တိုင်း ဖြစ်တုန်းကလိုပေါ့)။ သို့သော် ပျက်ဆီးဆုံးရှုံးသွားမည့် ဝတ္ထုပစ္စည်းများနှင့် အဆောက်အဦးများကို ပြန်လည်ထူထောင် ဖြည့်ဆည်းနိုင်မည်ဖြစ်သော်လည်း သေဆုံးသွားကြမည့် အသက်များကိုတော့ ပြန်လည်ရှင်သန်စေနိုင်မည် မဟုတ်ပါ။ အထူးသဖြင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ နောင်လာနောက်သားများ၏ အသက်လုံခြုံရေးသည် ရင်လေးစရာပင်။

မြစ်ဆုံရေကာတာ စီမံကိန်းသည် လူပုံအလယ်တွင် ထောင်ထားသော ချိန်ကိုက်ဗုံးကြီးတစ်လုံးနှင့် တူပေမည်။ ပို၍ဆိုးသည်မှာ သာမန်ချိန်ကိုက်ဗုံးကို ထောင်ပြီးပါက ပြန်လည် ရုပ်သိမ်းဖယ်ရှားနိုင်သော်လည်း ဤ စီမံကိန်းမျိုးသည် တည်ဆောက်ပြီးပါက ပြန်လည်မရုပ်သိမ်းနိုင်ခြင်းပင် ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များ နောင်လာနောက်သားများကို ပြန်ဖြုတ်၍မရသော ဧရာမချိန်ကိုက်ဗုံးကြီးကို ပေးထားခဲ့မှာလား စဉ်းစားသင့်ပေသည်။

### အမေရိကန်နိုင်ငံ သဲကန္တာရရှိ ကမ္ဘာ့အမြင့်ဆုံး Hoover Dam

အကြောင်းသင့်၍ စာရေးသူ ရောက်ဖူးသော လက်ရှိ ကမ္ဘာ့အမြင့်ဆုံးအဖြစ် သတ်မှတ်ခံထားရသည့် အမေရိကန်နိုင်ငံရှိ Hoover ရေကာတာကြီး အကြောင်း




အနည်းငယ် နှိုင်းယှဉ်တင်ပြလိုသည်။ ရေကာတာ၏ ရေလွှမ်းမိုးထားသော ဧရိယာသည် ၆၄၀ စတုရန်းကီလိုမီတာရှိကြောင်း သိရသည်။ ၎င်းဧရိယာသည် လုံခြုံရေးအတွက် ခွင့်ပြုချက်မရပဲ သွားလာခွင့်မရှိသော ကန့်သတ်ဧရိယာ ဖြစ်ကြောင်းကိုလည်း သိရသည်။ လူနေအရပ်နှင့် ဝေးလံခေါင်ပါးသည့် သဲကန္တာရတွင် တည်ဆောက်ထားသည်။ စာဖတ်မိတ်ဆွေလည်း Google Map မှာ ရှာကြည့်နိုင်သည်။ သို့သော် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အကြောင်းကြောင်းကြောင့် ပေါက်ကွဲခဲ့လျှင် လူပေါင်း ၁ သိန်းခန့် အသက်အန္တရာယ်နှင့် ကြုံရနိုင်ကြောင်း၊ ၎င်းတို့၏ လယ်ယာမြေ၊ ဥယျာဉ်များ ပျက်စီးနိုင်ကြောင်း လေ့လာရသည်။ (လျှပ်စစ်နှင့် သောက်သုံးရေ ပြတ်လပ်မှု ပြဿနာကို တွေ့ကြုံကြရမည့် လူဦးရေကတော့ သန်းပေါင်းများစွာ ရှိနိုင်ပေသည်)

မြစ်ကြောင်းတစ်လျှောက် လူနေထူထပ်သည့် ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်မည့် ဤမြစ်ဆုံရေကာတာ စီမံကိန်းကြီး ကျိုးပေါက်ပျက်စီးမည့် အနာဂတ်တစ်နေ့တွင် လူပေါင်းမည်မျှအသက်ဆုံးရှုံးကြရမည်နည်း။

### မြစ်ဆုံစီမံကိန်းသည် တရုတ်၏ ထောက်လှမ်းရေးဌာန တစ်ခု ဖြစ်လာနိုင်




မြစ်ဆုံရေကာတာ တည်ဆောက်ပြီးပါက ရေလွှမ်းမိုးသွားမည့် ဧရိယာသည် Singapore ၏ ဧရိယာအကျယ်အဝန်းနှင့် ညီမျှသည်ဟု International Rivers က ဆိုသည်။ တစ်နည်းအားဖြင့် ၇၁၉ ဒသမ ၉ စတုရန်းကီလိုမီတာ ရှိမည်ဖြစ်ပြီး Hoover Dam ၏ ရေလွှမ်းဧရိယာထက် ကြီးပါသည်။ ဤမျှလောက် ကျယ်ဝန်းသော ဧရိယာသည်လည်း ရေကာတာ လုံခြုံရေးအတွက် ကန့်သတ်နယ်မြေအဖြစ် ဧကန်မုချသတ်မှတ်လာမည်ဖြစ်သည်။ ဤကဲ့သို့ ကန့်သတ်နယ်မြေအတွင်းမှာ တရုတ်သည် မြန်မာနိုင်ငံ၏ သဘာဝ တောတောင်၊ ရေ၊ မြေ၊ သတ္တု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စသော အကြောင်းအရာများကို ထောက်လှမ်းနိုင်မည့် ဌာနတစ်ခုလည်း ဖြစ်လာနိုင်သည်။ ထို့ပြင် တရုတ်သည် ၎င်း၏ ပြိုင်ဘက်ဖြစ်သော အိန္ဒိယနိုင်ငံကိုလည်း ပို၍ နီးကပ်စွာ ထောက်လှမ်းနိုင်တော့မည်ဖြစ်သည်။ ဤကဲ့သို့ ရရှိမည့်အကျိုးအမြတ်သည်များလွန်းသောကြောင့် မြန်မာလူထု၏ ကန့်ကွက်မှုကို သိသိကြီးနှင့် တရုတ်က ရှေ့တိုးနေခြင်း ဖြစ်နိုင်သည်။

## လက်နက်ကိုင်တရုတ်တပ်ဖွဲ့များ ဝင်လာနိုင်

Singapore နိုင်ငံ၏ ဧရိယာနှင့်ညီမျှသော ရေဝပ်သွားမည့် အကျယ်အဝန်းသည် လုံခြုံရေးအရ ကန့်သတ်နယ်မြေ ဖြစ်လာမည်။ အဆိုပါလုံခြုံရေးကို ဘယ်သူက တာဝန်ယူပေးမလဲ ဆိုတာလည်း ယခုချိန်မှာသက်ဆိုင်ရာ ခေါင်းဆောင်များမှ လွဲပြီး ဘယ်သူမှ မသိသေးသော အရာပါ။ မြန်မာအစိုးရက လုံခြုံရေး တာဝန်ယူပေးလျှင်တောင်မှ တရုတ်က ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားကို ကာကွယ်ရန် လုံလောက်မှုမရှိဟု ယူဆလျှင် ကိုယ်ပိုင်စစ်အင်အားနှင့် ဝင်ရောက်လာနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဥပမာ တောင်ဆူဒန်အစိုးရက တရုတ် အကျိုးစီးပွားကို ကာကွယ်မပေးနိုင်သောကြောင့် တရုတ်သည် မိမိတို့ ရေနံလုပ်သားများနှင့် လုပ်ကွက်များ ကာကွယ်ရန် တပ်အင်အား ၇၀၀ ကို ကုလသမဂ္ဂငြိမ်းချမ်းရေးတပ် အသွင်ဖြင့် စေလွှတ်အသုံးပြုလာသည်သာမက ပုဂ္ဂလိက လုံခြုံရေး တပ်ဖွဲ့များကိုလည်း အသုံးပြုလာ နေကြောင်း International Crisis Group, Foreignpolicy နှင့် Financial Times တို့မှာ ဖတ်ရသည်။

## တရုတ်ကို ထာဝရမှီခိုစေမည့် မြစ်ဆုံရေကာတာ စီမံကိန်း

စီမံကိန်း တည်ဆောက်ပြီးလျှင် တရုတ်က နှစ်ပေါင်း ၅၀ လည်ပတ် အမြတ်ထုတ်ယူပြီး မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သတင်းမီဒီယာတွေမှာ ရေးသားကြသည်။ မြန်မာနိုင်ငံကို လွှဲပြောင်းပေးချိန်တွင် စက်ယန္တရားကို လည်ပတ်၊ ပြုပြင်၊ ထိန်းသိမ်းရန် အရေးကြီးလိုအပ်သော နည်းပညာများကိုလည်း တရုတ်က လွှဲပြောင်းပေးရန် မသေချာ။ Technology transfer ခေါ် နည်းပညာ လွှဲပြောင်းပေးမှုနှင့် ပတ်သက်ပြီး အဓိကအားဖြင့် နှစ်မျိုးပါဝင်သည်။ ရုပ်ဝတ္ထုဖြစ်သော စက်ရုံ (hardware or physical plant) နှင့် ၎င်းစက်ရုံကို လည်ပတ်၊ ပြုပြင်၊ ထိန်းသိမ်းရန်လိုအပ်သောကျွမ်းကျင်မှု နည်းပညာများ (software or knowledge and skill to operate the plant) တို့ ပါဝင်သည်။ ကျွမ်းကျင်မှု နည်းပညာ လွှဲပြောင်းပေးမှုနဲ့ပတ်သက်လျှင် တရုတ်သည် နိုင်ငံတကာတွင် မှတ်တမ်းကောင်း မရှိပါ။

ဥပမာ - ဥရောပနှင့် တောင်အမေရိကတိုက်နိုင်ငံများတွင် တရုတ်တို့က တည်ဆောက်ခဲ့သော ရေအားလျှပ်စစ် စီမံကိန်းများကို Julian Kirchherra နှင့် Nathanial Matthews တို့ သုတေသန ပြုထားသော "Technology transfer in the hydropower industry: An analysis of Chinese dam developers' undertakings in Europe and Latin America" အမည်ရှိ စာတမ်းကို Elsevier ပုံနှိပ်တိုက်မှ ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၎င်းသုတေသနစာတမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းပေါင်း ၂၉ ခုကို လေ့လာပြီး ရေးသားထားသည်။ ကျွမ်းကျင်မှု နည်းပညာ လွှဲပြောင်းပေးမှုနဲ့ ပတ်သက်လျှင် စုစုပေါင်း စီမံကိန်း ၂၉ ခု အနက် တစ်ခုမှ မပါကြောင်း တွေ့ရသည်။ ၎င်းကျွမ်းကျင်မှုနည်းပညာ လွှဲပြောင်းပေးမှုသည်လည်း စီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့အပေါ် မူတည်ကြောင်း လေ့လာရသည်။ ဆိုလိုသည်မှာ အချိန်တန်လျှင် ရေအားလျှပ်စစ်စက်ရုံကို လွှဲပြောင်းပေးမည်ဖြစ်သော်လည်း ၎င်းစက်ရုံကို လည်ပတ်၊ ပြုပြင်၊ ထိန်းသိမ်းရန် အရေးကြီးသော ကျွမ်းကျင်မှု နည်းပညာများကိုမူ သီးခြား ထပ်မံဝယ်ယူရမည်ဖြစ်သည်။ ထို့ပြင် သီးခြားဝယ်ယူရန် ငွေကြေးအရ တတ်နိုင်သော်လည်း ပထဝီနိုင်ငံရေး အခြေအနေပေါ် မူတည်ပြီး ရောင်းပေး၊ မပေး မသေချာ။ တစ်နည်းအားဖြင့် ပြောရလျှင် တရုတ်၏ ဩဇာခံဖြစ်မှသာလျှင် အဆိုပါနည်းပညာများကို ဝယ်ယူနိုင်မည့်သဘော ဖြစ်နေသည်။

ထို့ကြောင့် မြစ်ဆုံစီမံကိန်းကြီးကို ပြန်လည်လွှဲပြောင်းပေးမည့် အနာဂတ်တစ်နေ့တွင် အရေးကြီးလိုအပ်သော ကျွမ်းကျင်မှုနည်းပညာများကိုပါ လွှဲပြောင်းပေး၊ မပေး မသေချာပါ။ အကယ်၍ စစ်အစိုးရနှင့်ချုပ်ဆိုခဲ့သော စာချုပ်တွင် စီမံကိန်းကို လည်ပတ်၊ ပြုပြင်၊ ထိန်းသိမ်းရန် အရေးကြီးလိုအပ်သော ကျွမ်းကျင်မှု နည်းပညာအားလုံးကို လွှဲပြောင်းပေးရန် ပါရှိခဲ့လျှင်လည်း၊ တရုတ်က စာချုပ်ပါ ကတိကို ချိုးဖောက်လျှင် မြန်မာနိုင်ငံအနေဖြင့် ဘာမျှလုပ်နိုင်မည် မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေ၊ သေချာသည်မှာ မြစ်ဆုံရေကာတာကြီးကို တည်ဆောက်ပြီးပါက ပြန်လည်ရုပ်သိမ်း၍ မရတော့ပါ။ ၎င်းစီမံကိန်းကို လည်ပတ်၊ ပြုပြင်၊ ထိန်းသိမ်းနိုင်ရန် တရုတ်ကို ထာဝရမှီခိုနေရတော့မည် ဖြစ်သည်။ ဥပမာ Toyota ကားကို ဝယ်စီးနေသ၍ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော နည်းပညာနှင့် အပိုပစ္စည်း အစရှိသည်တို့အတွက် ဂျပန်ကို မှီခိုရသလိုပေါ့။ တစ်နည်းအားဖြင့် ချိန်ကိုက်ဗုံးကဲ့သို့ အန္တရာယ်ကြီးသော ဤစီမံကိန်းကို တည်ဆောက်ခွင့်ပြုခြင်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တစ်စိတ်တစ်ပိုင်းကို တရုတ်ထံ အညှာကိုင်ခွင့် ပေးလိုက်သည့်အသွင် ဆောင်သွားမည် ဖြစ်သည်။

## မြစ်ဆုံစီမံကိန်း ဘယ်သူ့အကျိုးအတွက်လဲ

ဤစီမံကိန်းအတွက် နှစ်နိုင်ငံကြား ချုပ်ဆိုခဲ့သော စာချုပ်ပါ အချက်အလက်များကို အစိုးရက လျှို့ဝှက်ထားဆဲဖြစ်သောကြောင့် အကျိုးအမြတ်များကို အတိအကျ မပြောနိုင်ပါ။ သို့သော် သတင်းမီဒီယာများရေးသားဖော်ပြကြသည့်အတိုင်း ဆိုလျှင် စီမံကိန်းမှ ထုတ်လုပ်မည့် လျှပ်စစ်ဓါတ်အား စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကို တရုတ်က ရရှိမည်ဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံက ရရှိမည်။ အကယ်၍ အဆိုပါ ၁၀ ရာခိုင်နှုန်းတွင်မှ ပြည်တွင်းရင်းနှီးသူက ၅ ရာခိုင်နှုန်း ပြန်၍ယူသွားလျှင် အများပြည်သူလူထုအတွက်မှာ ၅ ရာခိုင်နှုန်းသာ ကျန်တော့သည့်သဘောပင်။

တရုတ်က နှစ်ပေါင်း ၅၀ စီမံလည်ပတ်ပြီးလျှင် မြန်မာနိုင်ငံကို လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။ သို့သော် နှစ်ပေါင်း ၅၀ ကြာသောအချိန်တွင် ရေကာတာသည် သဲ၊ ရွှံ့၊ နုန်း များဖြင့် ပြည့်တော့မည်။ ထို့အပြင် စက်ရုံယန္တရားများ ဟောင်းနွမ်းလာပြီး လျှပ်စစ်ထုတ်လုပ်မှု စွမ်းအားသည်လည်း ကျဆင်းတော့မည် ဖြစ်သည်။

## မြန်မာအခက် တရုတ်အချက်

ရခိုင်ပြည် ပြဿနာအရေး၊ မငြိမ်းနိုင်သေးသော ပြည်တွင်းစစ် အရေးနှင့် လူ့အခွင့်အရေးများကြောင့် မြန်မာအစိုးရနှင့် တပ်မတော်တို့သည် နိုင်ငံတကာတွင် မျက်နှာပျက်နေရသည်မှာ အားလုံးအသိပင်။ နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံကို အကာအကွယ်ပေးပြီး သူ ရလိုသော မဟာဗျူဟာမြောက် စီမံကိန်းများကို ရရှိရန် နည်းမျိုးစုံဖြင့် ဆက်လက်ကြိုးစားနေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းကောင်း ပီသစွာ ရေနံဓါတ်ငွေ့ပိုက်လိုင်းကြီး သွယ်တန်းခွင့်၊ ကျောက်ဖြူရေနက် ဆိပ်ကမ်းတည်ဆောက်ခွင့်၊ နိုင်ငံ၏ အခြားသော မြစ်ချောင်းများတွင် အသေးစားမှ အလတ်စားထိရှိသော ရေအားလျှပ်စစ် တည်ဆောက်ခွင့်၊ ကျောက်စိမ်း၊ လက်ပံတောင်းတောင်မှ ကြေးနီ စသော သတ္တုတူးဖော်ခွင့်များ ပေးခဲ့ပြီ မဟုတ်လား။

## နိုင်ငံ၏ ရေရှည်လုံခြုံရေးရှုထောင့်မှ သုံးသပ်ဆုံးဖြတ်သင့်

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် အပါအဝင် အခြားသော ပြည့်မြဲစွမ်းအင်ထုတ်ယူရန် သင့်တော်သော နေရာဒေသများစွာ ရှိသည်။ ဥပမာ အသေးစား၊ အလတ်စား ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ရန် မြစ်ချောင်း ပေါများခြင်း၊ နေရောင်ခြည်စွမ်းအင်ထုတ်ရန် အပူပိုင်းဒေသများရှိခြင်းနှင့် လေရဟတ်စက် စသော ရွေးချယ်စရာ အများအပြား ရှိပါသည်။

ထို့ကြောင့် ပြန်လည်မဖယ်ရှားနိုင်သော လူပုံအလယ်မှ ဧရာမချိန်ကိုက်ဗုံးဖြစ်မည့် မြစ်ဆုံစီမံကိန်းကြီးကို ပြတ်သားစွာ ရပ်စဲသင့်ကြောင်းနှင့် ပြည်သူလူထုတစ်ရပ်လုံးလည်း ဆက်လက်၍ ဝိုင်းဝန်းတွန်းအားပေးရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

***(ယော်ဘောမ် မန်ရှန်သည် ရန်ကုန်အခြေစိုက် နိုင်ငံရေးနှင့် ဥပဒေရေးရာ လေ့လာသုံးသပ်ရေးသားနေသူ တစ်ဦးဖြစ်သည်။ သူသည် Law and Diplomacy မဟာဝိဇ္ဇာဘွဲ့ကို The Fletcher School, Tufts University, USA မှ ရရှိခဲ့သည်။)***

❑

# တနိုင်းမြို့နယ်တွင် အသေးစားလက်လုပ်လက်စား တူးဖော်ခွင့်ရရေး ပြည်သူ့လွှတ်တော်သို့ တနိုင်းအမတ်မေး

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၈

တနိုင်းမြို့နယ်အတွင်း ရွှေသတ္တုနှင့် စပ်လျဉ်း၍ အသေးစား လက်လုပ်လက်စား တူးဖော်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်နေကြောင်းကို သိရှိလိုကြောင်း တနိုင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးက ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့တွင်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။




တနိုင်းမြို့နယ် အတွင်းတွင် တရားမဝင် ရွှေသတ္တုနှင့် ပယင်းများကို တရားမဝင် တူးဖော်နေကြပြီးနောင်အခါတွင် ယခုလို မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၇ ဇူလိုင်လ ၁၃ ရက်နေ့ကလည်း တင်သွင်းခဲ့ပြီး ယခုအခါတွင် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် ပြန်လည်မေးမြန်းခဲ့ခြင်း ဖြစ်သည်။

"အခု ကျွန်တော်တို့ တနိုင်းမြို့နယ်မှာ ရွှေနဲ့ ပယင်းထွက်ရှိရာ ဒေသတွေဖြစ်တဲ့ နန်ဖြူ၊ ဇီးဖြူကုန်း၊ တုံမဏီတို့မှာ တရားမဝင်ဘဲ လုပ်ငန်းရှင်တချို့က ဆောင်ရွက်နေတယ်ဆိုတာကို နယ်မြေသတင်းအရသော်လည်းကောင်း၊ မဲဆန္ဒရှင် ပြည်သူများမှလည်းကောင်း သိရှိရပါတယ်။ နိုင်ငံတော်ရဲ့ သယံဇာတနစ်နာမှု မဖြစ်စေရေး နိုင်ငံသားများ၏ စားဝတ်နေရေးပြေလည်စေရေးနဲ့ အလုပ်လက်မဲ့ပြဿနာ လျော့ကျစေရေး၊ နိုင်ငံတော်မှ အခွန်ဘဏ္ဍာရရှိစေရေးစသော အချက်ကို ရှေးရှုကာ ပယင်းနဲ့ ရွှေ၊ သတ္တု အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ခွင့်ကို အမြန်ဆုံးခွင့်ပြုပေးဖို့ လိုအပ်နေပါတယ်"ဟု ဦးလင်းလင်းဦးက မေးမြန်းခဲ့ခြင်းဖြစ်သည်။

၎င်းမေးခွန်းနှင့် ပတ်သက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) အရ ပြည်ထောင်စုအစိုးရ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအသီးသီးတွင် လက်လုပ်လက်စားလုပ်ကွက်များ လုပ်ပိုင်ခွင့်ပြုမည့် အမိန့်ကြော်ငြာစာများကို ၂၀၁၈ စက်တင်ဘာလ ၂၆ ရက်နေ့က ပေးပို့ထားပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

"ကချင်ပြည်နယ် အစိုးရအဖွဲ့က ပယင်းတူးဖော်ခွင့်ကို ကျောက်မျက်ရတနာ လက်လုပ်လက်စားအနေနဲ့ လုပ်ကိုင်ခွင့်အနေနဲ့ တရားဝင် လုပ်ကိုင်ခွင့် ပြုနိုင်ပါပြီဖြစ်ပါတယ်"ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဖြေကြားသည်။

တနိုင်းမြို့နယ်၊ ဇီးဖြူကုန်း၊ နန်ဖြူ၊ လဘူခ၊ ဝေလော ဒေသများအတွင်း ရွှေအသေးစားလုပ်ကွက်ကုမ္ပဏီ ၁၅ ခုမှ လုပ်ကွက် ၅၂ ကွက်ကို နယ်မြေဒေသလုံခြုံရေးအရ စစ်ဆေးနိုင်ခြင်းမရှိသေးဘဲ ခေတ္တဆိုင်းငံထားကြောင်း၊ ကွင်းဆင်းစစ်ဆေးပြီးပါက ဧရိယာသတ်မှတ်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဒေါက်တာရဲမြင့်ဆွေမှ ဖြေကြားပေးခဲ့သည်။

ထို့အပြင်ဦးလင်းလင်းဦးမှ ကာကွယ်ဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့်သော်လည်းကောင်း ပေါင်းစပ်ပြီး တရားဝင်လုပ်ကွက်ချထားပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို ဆက်စပ်မေးခွန်းအဖြစ် ဆက်လက်မေးမြန်းခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ချိတ်ဆက်လုပ်ဆောင်သွားရန် ရှိကြောင်း၊ လုပ်ကွက်ဧရိယာ သတ်မှတ်ပြီး ဖြစ်သောကြောင့် ကွင်းဆင်းစစ်ဆေးမှု ပြုပြီးပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းရေးဆန္ဒဖော်ထုတ်ရာတွင် ဦးဆောင်သူကို အရေးယူ

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၈

မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း အပြီးရပ်ဆိုင်းရေးအတွက် ဖေဖော်ဝါရီလ ၇ ရက်နေ့က ဆန္ဒထုတ်ဖော်မှုပြုလုပ်ရာတွင် ဦးဆောင်သူ မြစ်ဆုံဒေသခံ ဒေါ်ဂျာခေါန်ကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ ပုဒ်မ - ၂၀ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အဆိုပါဆန္ဒပြမှုတွင် ခွင့်ပြုမိန့်တင်ထားရာ၌ ပါဝင်ခြင်းမရှိသည့်အသံချဲ့စက်နှင့် Sound Box များကို အသုံးပြုခြင်း အလျား ၄ ပေ၊ ဗျက် ၃ လက်မခန့်ရှိ "NO MYIT SONE DAM" ဆိုသည့် စာလုံးများ ရေးသားထားသောနဖူးစည်းပိတ်စကို အသုံးပြုခဲ့ခြင်း၊ စီတန်းလမ်းလျှောက်ခြင်းမပြုမီ ၉ နာရီအချိန်မှ ၁၀ နာရီအတွင်း ခွင့်ပြုချက်တင်ပြထားရာတွင် မပါရှိသည့် အခမ်းအနားအစီအစဉ်များ ထည့်သွင်းကျင်းပခဲ့ခြင်းတို့ကြောင့် ဥပဒေအရ အရေးယူခြင်းဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မိုးက ပြောသည်။

"စီတန်း လမ်းလျှောက်ခြင်းမပြုမီ အစီအစဉ်လုပ်သွားတယ်။ ပြီးတော့ ဆောင်းဘောက်နဲ့ အသံချဲ့စက်တွေ၊ စာတမ်းအချို့ အသုံးပြုသွားလို့ ဒါကို အရေးယူတာဖြစ်တယ်"ဟု ရဲမှူးမြင့်မိုးမှ ပြောသည်။




အရေးယူခံရသူ မြစ်ဆုံဒေသခံ ဒေါ်ဂျာခေါန်က "ဟုတ်ပါတယ်။ ဆောင်းဘောက်တွေအသုံးမပြုရဘူးလို့ ပြောထားတယ်။ အစထွက်တဲ့ချိန်ကျ မသုံးပါဘူး။ ဒါပေမဲ့ လူတွေက များတော့ ဘယ်လိုမှ အဆင်မပြေဘူး။ ဒါကြောင့် ဟုတ်တယ်။ အစီအစဉ် ၁၀ ခုရယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အစီအစဉ်က ဆက်နေတော့ ၁၀ ခုလို့သာပြောတယ် ရိုးရိုးလေးပဲဟုတ်တယ်"ဟု ပြောသည်။

ငြိမ်း/စု/စီ ပုဒ်မ ၂၀ဖြင့် အမှုဖွင့်ခံရသည့် ဒေါ်ဂျာခေါန်သည် ဖေဖော်ဝါရီလ ၇ ရက်နေ့ညက မြို့မရဲစခန်းမှ အာမခံဖြင့် ပြန်လွတ်လာကာ ၁၁ ရက်နေ့တွင် တရားရုံးသို့ ချိန်းဆိုထားကြောင်း သိရသည်။

အဆိုပါဆန္ဒဖော်ထုတ်ပွဲကို မြစ်ကြီးနားမြို့၊ မနော်ကွင်းတွင် စုရပ်ပြုလုပ်ခဲ့ပြီး မြစ်ကြီးနားမြို့အတွင်း လှည့်လည်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့မှ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ဒေသခံ လူဦးရေသောင်းချီ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

Ah Je

# မေ့မေ့လျော့လျော့ ကချင်-မြန်မာ ချစ်ကြည်ရေးတပ်သားတစ်ဦး



အချိန်က ၁၉၅၀ ခုနှစ်။ ပဲခူးဘက်မှလာသော ကုန်ကားကြီးနှင့် ရန်ကုန်ဘက်မှလာသော ဘက်စ်ကားတို့ အရှိန်ပြင်းစွာ တိုက်ကြသည်။ လူ ၅ ယောက် ပွဲချင်းပြီးသေပြီး အယောက် ၄၀ ခန့် ပြင်းထန်ဒဏ်ရာ ရခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဗိုလ်ထွန်းလှသည် မင်္ဂလာဒုံလေဆိပ်သို့ သွားရင်း မရမ်းကုန်းမြို့နယ် အနားတွင် ထို ကြေမွပျက်စီးနေသော ကားနှစ်စီးကို တွေ့လိုက်ရသည်။ "အင်း.. ကားတိုက်တာ အတော့်ကို ပြင်းထန်လေတော့ ဘယ်နှယောက်များ ပွဲချင်းပြီးသွားမလဲပဲ"ဟု စိတ်မချမ်းစွာ ပြောဖြစ်သည်။

လေယာဉ်ကွင်းရောက်သောအခါ မိတ်ဆွေတစ်ဦးက "ဒီမယ်- ခင်ဗျား မိတ်ဆွေ ဗိုလ်လှသိန်း တစ်ယောက် ဆုံးတာ သိရဲ့လား"ဟု မေးရင်း နှုတ်ဆက်သည်။ ထိုပုဂ္ဂိုလ်က ဆက်၍ "မနေ့က ပဲလေ.. မရမ်းကုန်းနားမှာ ကားတိုက်တဲ့အထဲ ပါသွားတယ်ခင်ဗျ။ သူနဲ့အတူပါတဲ့ လေ့ကျင့်ရေးတပ်က ရဲဘော်တစ်ယောက်လည်း ဆုံးသွားတယ်"ဟု ဆိုသည်။ ဗိုလ်ထွန်းလှလည်း စကားပင်ပြန်မဆိုနိုင်လောက်အောင် စိတ်ထိခိုက်ခဲ့သည်။

မြစ်ကြီးနားသား ဗိုလ်လှသိန်းသည် ယခု လွတ်လပ်ရေးခေတ်ကာလတွင် မထင်မရှားဒုဗိုလ်တစ်ဦးမျှသာ။ သို့သော် သူက ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗမာ့တပ်မတော်တွင် အမှုထမ်းခဲ့သော ခေတ်ပညာတတ် မျိုးချစ်လူငယ်တစ်ဦးဖြစ်သည်။ စစ်ထဲဝင်စဉ်က ရိုးရိုးစစ်သားအဖြစ်ဝင်ရောက်ခဲ့ပြီး တော်လှန်ရေးကာလတွင် ဒုဗိုလ်ကလေးဖြစ်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးတွင် ဗိုလ်မှူးကြီးဗထူးလက်အောက်တွင် အမှုထမ်းခဲ့သေးသည်။ စစ်ကြီး ပြီးသောအခါ ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း-၄ သို့ ရိုးရိုးစစ်သားအဖြစ် မထင်မရှားဝင်ရောက်ခဲ့ပြန်သည်။ နှစ်အတန်ငယ် ကြာပြီးနောက် ကော်မရှင်ရာထူးရပြီး ဒုဗိုလ်ဖြစ်ခဲ့သည်။ ရန်ကုန် လေ့ကျင့်ရေးတပ်ရင်းသို့ရောက်ပြီးမကြာမီ စစ်မတိုက်ရဘဲ ကားတိုက်ရာတွင် ပါဝင်သွားခဲ့ရလေသည်။ ဤတွင် ဗိုလ်လှသိန်းတစ်ခန်းရပ်ပြီ။

သို့သော်၊ ကချင်-မြန်မာ ချစ်ကြည်ရေး လုပ်ငန်းများ၏ ပထမအုတ်မြစ်ချစဉ်က ဗိုလ်လှသိန်း၏ စိတ်အားထက်သန်စွာ ပါဝင်ကူညီခဲ့ပုံများက မှတ်တမ်းဝင်နေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သူ့အိမ်ခေါ်ပြီး ဗိုလ်လှသိန်းကို ဝမ်းမြောက်ကြောင်း စကားခေါ်ပြောခဲ့သည်။ ဗိုလ်ချုပ် အပါးတော်မြဲဗိုလ်ထွန်းလှလည်းသတိရစရာတွေ ပေါ်လာခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ။ ဖဆပလ ရွှေတိဂုံညီလာခံကြီး ကျင်းပခါနီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်ထွန်းလှကို ဆမားကြီးထံ လွှတ်ခဲ့သည်။ ကချင်-ဗမာ ချစ်ကြည်ရေး သဝဏ်လွှာပို့ရန်ဖြစ်သည်။ ထို သဝဏ်လွှာပို့ရန်အတွက် ဗိုလ်လှသိန်းလည်း ဗိုလ်ထွန်းလှနှင့်အတူ မြစ်ကြီးနားသို့ လိုက်ပါပေးခဲ့သည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် လည်းကောင်း၊ ဆမားကြီးသည်လည်းကောင်း တန်ခိုးအာဏာမရှိသေး၍ လမ်းခရီးသွားရသည်မှာ မလွယ်ကူလှပေ။ ကချင်ရွာများကို အလစ်ဝင်စီးတတ်သော ကူမင်တန် တရုတ်စစ်ပြေးများ၏ ရန်ကလည်း ရှိသေးသည်။ ဗိုလ်လှသိန်းသည် အခက်အခဲများကြားမှ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်ခဲ့သည်ကို ဗိုလ်ထွန်းလှမမေ့နိုင်။

ဗိုလ်လှသိန်းသည် နောင်ကချင်ပြည်နယ်ဝန်ကြီး ဖြစ်လာမည့် ဆမားကြီး၊ ကချင်ပြည်အစိုးရဝန်ကြီး ဖြစ်လာမည့် ဦးဘဦး၊ ဒူဝါဇော်လွန်း၊ ကောင်စီဥက္ကဋ္ဌ ဒူဝါဇော်ရစ် စသော ပုဂ္ဂိုလ်များနှင့် ဗိုလ်ထွန်းလှကို မိတ်ဆက်ပေးခဲ့သည်။ ထိုကချင်-မြန်မာ ချစ်ကြည်ရေး ဆောင်ရွက်ချက်များသည် နောင်တွင် ပင်လုံစာချုပ် ချုပ်ဆိုရန်အတွက် အရေးပါခဲ့သောကိစ္စရပ်များ ဖြစ်လေသည်။ ချစ်ကြည်ရေးကိစ္စများပြီးသောအခါ ဗိုလ်ထွန်းလှနှင့် ဗိုလ်လှသိန်းတို့ နှစ်ယောက် မြစ်ကြီးနားမှ မန္တလေးအထိ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ခဲ့ကြသည်။ လမ်းတွင် ကြည်နူးဖွယ်ရှုခင်းများကို ကြည့်ရင်း အနုပညာသမား ဗိုလ်ထွန်းလှမှာ ဝတ္ထုရေးလိုစိတ် ဖြစ်လာခဲ့သည်။

"ဘာအကြောင်းများရေးရပါ့မလဲ"ဟု ဗိုလ်ထွန်းလှဖွင့်ဟညည်းလိုက်သည်။ "ကိုင်းကိုယ့်လူ ဘာမှ စဉ်းစားမနေနဲ့ ကချင်မြန်မာချစ်ကြည်ရေးကို အခြေပြုတဲ့ ဝတ္ထုတစ်ပုဒ်ရေးစမ်းပါ။ ဇာတ်လမ်းကို ကျွန်တော်ပြောပြမယ်။ ခင်ဗျားဖတ်ကောင်းအောင် ရေးပေတော့"ဟု ဗိုလ်လှသိန်းက ဆိုလိုက်သည်။ ထို့နောက် မော်တော်ကသာမှ ထွက်သည့်နေ့တွင် လျှပ်တပြက်အမည်ဖြင့် ဝတ္ထုတိုတစ်ပုဒ် ပြီးလေတော့သည်။

ဝတ္ထုနာမည်ကို ဗိုလ်လှသိန်းကပင် ပေးခဲ့သည်။ မန္တလေးအရောက်တွင် လူထုဦးလှက ယူကာ သူ၏လူထုဂျာနယ်တွင် ထည့်လိုက်လေတော့သည်။ ရန်ကုန်သို့ရောက်သောအခါ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်လှသိန်းကိုခေါ်ကာ ဝတ္ထုရားကျေပြွန်သည့်အတွက် ဝမ်းမြောက်ကြောင်း ပြောဆိုခဲ့သည်။

ထို ဗိုလ်လှသိန်းသည် ဗိုလ်ချုပ်အောင်ဆန်းလည်း ကျဆုံး၊ မြန်မာနိုင်ငံလည်း လွတ်လပ်ရေး ရပြီးနောက် သာမန်ဗိုလ်ဘဝဖြင့် တိုင်းပြည်တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့ရှာသည်။ သို့သော် ကားသမားနှစ်ဦး၏ မဆင်မခြင် မောင်းနှင်မှုကြောင့် အချောင်အသက်ဆုံးရှုံးခဲ့ရသည့်အထဲ ပါဝင်သွားခဲ့လေသည်။ ဗိုလ်လှသိန်း၏ရက်လည်ကို မင်္ဂလာဒုံ လေ့ကျင့်ရေးတပ်တွင် ပြုလုပ်ခဲ့သည်။ "ဗိုလ်လှသိန်း၏ မိခင်ကြီးကား သားချစ်အတွက် ရတတ်ပွေ့ပြီး ဖြေမဆည်နိုင်အောင် ပရိဒေဝမီးတောက်လောင် နေပါတော့သည်။ ဒါတော့ ဟုတ်ပါသည်။ စစ်မြေပြင်မှာ ရန်သူနှင့် ရင်ဆိုင်ရသည်ဆိုလျှင် အာဇာနည်မိခင်ကြီးက ဒီလောက် ထိခိုက်တုန်လှုပ်မည် မထင်ပါ။ အခုလို အဓိပ္ပာယ်မရှိဘဲ ဗလာသက်သက်သေရခြင်းကို လူတိုင်းက အသဲနာမည်မှာ ဓမ္မတာမဟုတ်ပါလော"ဟု ဗိုလ်ထွန်းလှမှာ စိတ်ထိခိုက်ခဲ့ရလေတော့သည်။

❑






# ဝမ်းအိုဝမ်း ကချင်ရိန်းဂျား စစ်သားဟောင်း နန်းဇိန်းထွဲဝါ

ဂျပန်တွေ နယ်ချဲ့လာပြီး ညှင်းပန်းနှိပ်စက်မှုတွေ ရှိလာတဲ့အတွက် ကိုယ့်တိုင်းပြည်ကို ကာကွယ်တဲ့အနေနဲ့ ၁၉၄၃-၁၉၄၄ ခုနှစ်မှာ ဝမ်းအိုဝမ်း ကချင်ရိန်းဂျားအဖွဲ့ဆိုတဲ့အမည်နဲ့ အမှတ် (၁၀၁) ကချင်တပ်ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။

၁၀၁ ကချင်ရိန်းဂျားအဖွဲ့မှာ ကချင်မျိုးနွယ်တွေ ဦးရေ နှစ်သောင်းကျော် ရှိခဲ့ပြီး အခြားအဖွဲ့တွေဖြစ်တဲ့ Two Twenty၊ ဗန်းမော်တပ်ဖွဲ့တွေ ပေါင်းရင် လူဦးရေ သုံးသောင်း၊ လေးသောင်းခန့် ရှိခဲ့ကြောင်း သိရပါတယ်။

အဆိုပါ ဝမ်းအိုဝမ်း ကချင်ရိန်းဂျားတပ်ဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့သူတွေထဲက အခုအချိန်ထိ အသက်ရှင်လျက် ရှိနေသူ အသက် ၉၅ နှစ် အရွယ် စစ်သားဟောင်းကြီး နန်ဇိန်းထွဲဝါနဲ့ မြစ်ကြီးနားသတင်း ဂျာနယ်က သွားရောက်တွေ့ဆုံခဲ့ပြီး သူ့ရဲ့ တပ်သားဘဝ ဖြတ်သန်းခဲ့မှု၊ အတွေ့အကြုံ၊ တပ်သားဘဝ ခံယူချက်၊ အမှတ်ရစရာအဖြစ်အပျက်တွေနဲ့ ခေတ်လူငယ်တွေအတွက် ပြောခဲ့တဲ့ စကားလက်ဆောင်တွေကို မြစ်ကြီးနားသတင်း ဂျာနယ်က ဖော်ပြပေးလိုက်ပါတယ်။








## ၁၀၁ ကချင်ရိန်းဂျား စတင်ခဲ့ပုံနဲ့ ပါဝင်ဖြစ်ခဲ့ပုံ

Brigadier လဇွမ်တန်ဂျီး ပြောတာကတော့ ဂျပန်စစ်တပ်တွေ နယ်ချဲ့လာတယ်။ ညှင်းပန်းနှိပ်စက်မှုတွေ ရှိလာတဲ့အတွက် ကိုယ့် တိုင်းပြည်ကို ကိုယ် ကာကွယ်ရတော့မယ်။ အဲ့ဒါကြောင့်မလို့ ဒီနေ့ ကျွန်တော်တို့ ကချင်တွေ နှစ်ယောက်ရှိရင် တစ်ယောက်ဝင်မယ်၊ ရှိတဲ့သူတွေအားလုံး စစ်သားလုပ်ပြီး ကိုယ့်တိုင်းပြည် လူမျိုးကို ကာကွယ်ရတော့မယ် ဆိုပြီး စတင်ခဲ့တာဖြစ်တယ်။ အဲ့ဒီအချိန်ကနေစပြီး ဂျပန်တွေကိုတိုက်တဲ့စစ်ပွဲဖြစ်လာပြီ။

## တိုက်ပွဲတွေမှာဘယ်လိုတွေ လုပ်ဆောင်ခဲ့လဲ

ကျွန်တော်တို့ ကချင်ရိန်းဂျားတွေက ဒီအဖွဲ့ကို စဖွဲ့လိုက်ကတည်းက ခုနက ပြောသလို ကိုယ့်တိုင်းပြည်ကိုကိုယ်ကိုယ်တိုင်ကာကွယ်ရတော့မယ် ဆိုတာနဲ့အညီ ဒီဂျပန်တွေကို တောင်ပေါ်၊ မြေပြန့်အားလုံး အမေရိကန်တွေနဲ့ပေါင်းပြီး မြန်မာတစ်နိုင်ငံလုံးအနှံ့ကို ကျွန်တော်တို့ တိုက်ထုတ်ပြီးတော့ ကာကွယ်လာခဲ့တယ်။ ကချင်တွေချည်းပဲ ကချင်ရိန်းဂျားအဖွဲ့ကို တပ်ရင်းကြီးငါးဖွဲ့ ဖွဲ့ခဲ့တယ်။ အဖွဲ့ဝင်ကတော့ နှစ်သောင်းလို့ ပြောတယ်။ မေမြို့၊ ဗန်းမော်တွေက ကချင်တွေ အများကြီးပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်အဖွဲ့တွေ ဟုတ်တယ်။ အဲ့လိုနဲ့ တိုင်းပြည်ကို ကာကွယ်ခဲ့တယ်။

## ကချင်ရိန်းဂျား တပ်သားဘဝမှာ မေ့မရနိုင်တဲ့ အဖြစ်အပျက်တစ်ခု

ကျွန်တော် နမ်ခမ်းမှာ တိုက်တုန်းက အမေရိကန် လေယာဉ်က ဗုံးကျဲတဲ့အချိန်မှာ ဗုံးကြီးတစ်လုံးကျလာတဲ့အခါမှာက မြေကြီးတွေနဲ့ဘာနဲ့ ကျွန်တော် သတိလစ်သွားတယ်။ နှစ်နာရီလောက်ကြာတော့ ကျွန်တော် သတိပြန်ရလာခဲ့တယ်။ အဲ့အချိန်မှာ ကျွန်တော့်သူငယ်ချင်းက အရမ်း အဝေးကြီးမှာ ရှိနေတယ်။ သူငယ်ချင်းက "ဟေး. . သူငယ်ချင်း နင် သတိရလာပြီလား။ သေပြီလို့ထင်နေတာ"ဆိုပြီး ပြောတယ်။ အဲ့ဒီလိုမျိုး နှစ်ခါတောင်မှ ဖြစ်ခဲ့ဖူးတယ်။ ဂျပန်တွေရဲ့ မြန်မာနိုင်ငံက အကြီးဆုံးတပ်ရင်းကို တိုက်တဲ့အချိန်တုန်းကရော တစ်ခါ ဖြစ်ခဲ့ဖူးတယ်။ အဲ့အချိန်မှာ အမေရိကန်ဗိုလ်ကြီးက ကျွန်တော့်ကို အရမ်းအံ့သြသွားတယ်။ သူက ကျွန်တော့်ကို ပွေ့ထားတယ်။ "ဟော့. . ဟော့. . နဲ့ ခေါ်နေတယ်" သတိပြန်ရတာနဲ့ ဂျပန်တွေကို ပြန်ပစ်တယ်။ အဲ့ကြောင့်မလို့ ကျွန်တော် နားလည်း သိပ်မကြားတော့ဘူး။ ဒီနေ့ထိ မမေ့နိုင်တာပေ့ါ။ အမေရိကန်ဦးထုပ်ဆိုရင် သေနတ်ထိထားတာ သုံးချက်ရှိတယ်။ ပခုံးအထက်ကနေ ဖြတ်သွားတယ်။ ခါးစည်းကြိုးလည်း ပြတ်၊ ပေါင်ကြားကနေ ကျည်ဖြတ်သွားတော့ ဘောင်းဘီလည်း ပူခနဲသွားတယ်။ အသားကိုတော့ မထိဘူးပေ့ါ။ ဂျပန်တွေ ပစ်တာ အဲ့လောက်ထိ ပစ်တာဟုတ်ပေမယ့် ခန္ဓာကိုယ်မှာ ပစ်ရာတစ်ခုမှ မရှိခဲ့ဘူး။ ဘုရားသခင်ကိုလည်း ကျေးဇူးတင်တယ်။

## စစ်ပွဲပြီးဆုံးချိန် သူ့ဘဝ ခရီးဆက်ခဲ့မှု

ကချင်ရိန်းဂျား ပြီးတော့ ကျွန်တော်တို့ကို ပြန်လာဆက်သွယ်တဲ့ ပီတာလက်ကစ် ဆိုတဲ့သူရှိတယ်။ သူက မလိခအနီးမှာရှိတဲ့ နှစ်ခြင်းကျောင်း အကြီးကိုလည်း လာတယ်။ သူက ကျွန်တော် ဗုံးကြီးနှစ်ခါထိတာ သူ သေသေချာချာကို မှတ်ထားတယ်။ ကချင်တွေက သူ့ကို နာမည်တောင် မသိတော့ဘူး။ ကချင်စကား အရမ်း တတ်သွားလို့။ သူ့ကို Ka-ang Zau Lai ဆိုပြီး နာမည်ပေးလိုက်တယ်။ ကျွန်တော်တို့ ပြန်ဆက်သွယ်ကြည့်တော့ ခေါင်းဆောင်တွေကို ပညာတတ်တွေဖြစ်၊ ဟိုဟာဖြစ်၊ ဒီဟာဖြစ်နဲ့။ ကျွန်တော်တို့ တကယ်အသက်ပေး၊ သွေး၊ ချွေးရင်းပြီး စစ်ပွဲဝင်ခဲ့တဲ့သူတွေက ဒီနေ့အထိ ဘယ်တွေရောက်သွားလဲဆိုတာ မသိခဲ့ရဘူး။ အဲ့လို ဖြစ်သွားတယ်။

## မြစ်ကြီးနားမှာ ၁၀၁ ကချင်ရိန်းဂျား တပ်သားဟောင်းတွေ ဘယ်နှဦး ရှိဦးမလဲ

ကျွန်တော်သိသလောက်တော့ မြစ်ကြီးနားမှာ ကျွန်တော်နဲ့ဆိုရင် သုံးယောက်ဟုတ်တယ်။ တစ်ယောက်ကတော့ သေသလိုလိုတော့ကြားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ကတော့ အသက်ရှင်တယ်။ တခြား ဘယ်နေရာမှာ ဘယ်နှယောက် ကျန်တယ်ဆိုတာတော့ မသိပါဘူး။ သူ့နာမည်က ဒူဝမ်တန်လို့ခေါ်ပါတယ်။ ယုဇနမှာနေတယ်။ ကျွန်တော်တို့ ၁၀၁ တပ်ဖွဲ့ပါပဲ သူက မြစ်ကြီးနားတပ်က။ အဖိုးကကျတော့ ဗန်းမော်ဘက်ကပေ့ါ။

## ၁၀၁ စစ်သားဟောင်းတွေကို မြန်မာအစိုးရကထောက်ပံ့မှု

ကျွန်တော်တို့ ၁၀၁ စစ်သားတွေကို မြန်မာအစိုးရဘက်က စုံစမ်းတာမျိုးလည်း အခုချိန်ထိ မရှိဘူး၊ ထောက်ပံ့ပေးတာလည်း မရှိဘူး၊ ဘာမှလည်း မရှိဘူး၊ အရေးလည်းမလုပ်ဘူး၊ နောက်ဆုံးတော့ ကိုယ့်တိုင်းပြည်ကို ကိုယ်ကိုယ်တိုင် ကာကွယ်မယ်ဆိုတဲ့ စိတ်လေးပဲ စိတ်ထဲမှာ ခံယူပြီးတော့ သူတို့ မစုံစမ်းပေမယ့် ကိုယ် တာဝန်ယူ ထမ်းဆောင်ခဲ့တဲ့ တာဝန်ကို အပြည့်အဝ လုပ်ဆောင်လာခဲ့တာ ဒီနေ့အထိ သူတို့ ဘာမှလည်း မစုံစမ်းဘူး။ ဘာမှလည်း မထောက်ပံ့ခဲ့ဘူး။

## အခက်အခဲတွေနဲ့ ရင်ဆိုင်လာခဲ့တဲ့ အတွေ့အကြုံတွေနဲ့ ၎င်းရဲ့စစ်သားဘဝ ခံယူချက်

အဖိုးက အရင် နှစ်ခြင်းဟုတ်တယ်။ ကျွန်တော့်ရဲ့ အဖိုးက သင်းအုပ်ဆရာကြီးတစ်ဦး။ အဖိုး ရိန်းဂျားအဖွဲ့ထဲ ဝင်မယ့်အချိန်မှာ ခေါင်းပေါ်လက်တင်ပြီးဆုတောင်းပေးခဲ့တယ်။ သူကပြောတယ်။ ဒီအချက်တွေကို သေချာမှတ်ထားပါ။ ဘယ်လောက်ပဲ ဒုက္ခရောက်ပါစေ လွတ်မြောက်မယ် ပေ့ါ။ ပထမအချက်က နေ့၊ ညမပျက် ဘုရားသခင်ထံ ဆုတောင်းပါ။ ဒုတိယအချက်က အရွယ်ရောက်ပြီဖြစ်တဲ့ အပျိုတွေကို ခြိမ်းခြောက်၊ ခြောက်လှန့်တာတို့၊ အနိုင်ကျင့်တာတို့ လုံးဝမလုပ်နဲ့။ တတိယအချက်က ပြည်သူလူထုအားလုံး အဖိုး၊ အဖွား၊ လူငယ်၊ လူရွယ်၊ ကလေးတွေအားလုံးကို စစ်သားတစ်ယောက်ဖြစ်တယ်ဆိုပြီး မခြောက်လန့်ပါနဲ့။ စတုတ္ထအချက်က သူများပစ္စည်း ဥစ္စာကို အပ်ကအစ မယူနဲ့၊ မကောက်နဲ့။ မင်းရင်နာသလို သူများလည်း သူ့ပစ္စည်းပျောက်တဲ့အတွက် ရင်နာနေမယ်။ နောက်ဆုံးထိ ဥစ္စာပစ္စည်း အဝတ်အစားမဆိုနဲ့ အပ်တောင်မကောက်နဲ့။ အဲ့အချက်လေးချက်ကို သေချာလိုက်နာရင် ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် လွတ်မြောက်မယ်ဆိုပြီး အဖိုးက ဆုတောင်းပေးခဲ့တယ်။ ဒီနေ့အထိ ကျွန်တော်သတိရနေတယ်။ ဘယ်လိုပဲ ဗုံးထိ၊ သေနတ်ထိ ဆိုပေမယ့် အဖိုးပြောခဲ့တဲ့စကားအရ ကျွန်တော့စိတ်ထဲမှာ အမှတ်ရနေနေတာပေ့ါ။

## လူငယ်တွေအတွက် သူ့ရဲ့ စကားလက်ဆောင်

ဒီနေ့ခေတ် လူငယ်တွေကို ပြောချင်တာကတော့ အသက်ကို တိုစေတဲ့ မူးယစ်ဆေးဝါးတွေကနေ ကိုယ့်ခန္ဓာကိုယ်ကိုကိုယ်ကာကွယ်ရမယ်။ ဒီနေ့ခေတ် ရောဂါတွေကနေ လွတ်မြောက်အောင် ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်အမြဲတမ်း နေ့၊ ညမပြတ် သတိနဲ့နေရင်တော့ ကောင်းမယ်လို့။ ကောင်းတဲ့အမျိုးကောင်း၊ သားကောင်းတွေ ဖြစ်လာပါစေလို့ ထပ်မံပြောပြီးတော့ ခွန်အားပေးချင်ပါတယ်။

## ကချင်ရိန်းဂျားအဖွဲ့ မရှိတော့တဲ့နောက်ပိုင်း သူ့ရဲ့ လှုပ်ရှားမှု

ကချင်ရိန်းဂျား ပြီးသွားတဲ့အခါမှာတော့ အထိမ်းအမှတ်အနေနဲ့ မနောင်နောင်တယ်။ အဲ့ဒါပြီးတော့ အင်္ဂလိပ်တွေ ပြန်ရောက်လာတဲ့ အချိန်မှာတော့ တန်ဂျီးက 'အရင်က စစ်သားလုပ်တဲ့သူတွေ စစ်သားပြန်လုပ်ရမယ်ဆိုပြီး ပြောတော့၊ အင်္ဂလိပ်စစ်သား ပြန်လုပ်တယ်။ ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးပေးတော့ မြန်မာစစ်သားပြန်လုပ်တယ်။ အဖိုးရဲ့ဘဝမှာ စစ်သားပဲလုပ်ပြီးတော့ စစ်တိုက်တာနဲ့ပဲ အချိန်ကုန်ဆုံးခဲ့ရတယ်။ ဒါပေမဲ့ အခုလိုမျိုး အသက်ဆက်ရှင်ခွင့် ရတဲ့အတွက် ကျေးဇူးအများကြီး တင်မိတယ်။ အင်္ဂလိပ်တွေ ပြန်ပြီးတော့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတော့ ၁၉၆၄ မတ်လမှာ ပင်စင်ယူခဲ့တယ်။

## ပင်စင်ယူပြီး သူ့ရဲ့ဘဝ နေထိုင်မှု

ပင်စင်ယူပြီးတော့ ကက်သလစ် သင်းအုပ်ဆရာ ပြန်လာလုပ်တယ်။ ၁၇ နှစ်ကျော်လောက် လုပ်ခဲ့တယ်။ တောင်ပေါ်ဘက် တရားဟောတာတို့ ဆက်မလုပ်နိုင်တော့ ရပ်တန့်လိုက်တာပေ့ါ။ ဒီနေ့ထိ ဒီလိုနေနေတာပေ့ါ။ အခုတော့ သားတွေ၊ မြေးတွေက "အဖိုး. . စား"ဆိုရင် စားလိုက်၊ အခန်းထဲမှာဆိုရင် အိပ်နေလိုက်ပေ့ါ။

Salai

# မူးယစ်ဆေးဝါး အန္တရာယ် ပိုမိုနားလည်လာစေရန် ဘာသာရေး ကျောင်းများတွင် သင်ကြားနိုင်မည့် သင်ရိုးညွှန်းတမ်းစာအုပ်ရေးဆွဲမည်

ဖေဖော်ဝါရီ ၈



လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (Pat Jasan)အဖွဲ့သည် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း စာအုပ်တစ်အုပ်ပြုလုပ်ကာ သင်ခန်းစာတစ်ခုအနေဖြင့် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်ခန်းစာကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသရှိ ကျမ်းစာကျောင်း၊ အသင်းတော်၊ ဆန်းဒေးစကူးနှင့် ဘာသာရေးဆိုင်ရာ သင်တန်းကျောင်းများတွင် ကလေး၊ လူငယ်၊ လူကြီး များအနေဖြင့် မူးယစ်ဆေးဝါး အန္တရာယ်အား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်သည်ဟု ကချင်ပြည်နယ် လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (Pat Jasan)မှ တာဝန်ရှိသူ ဦးတန်ဂွန်းက ပြောသည်။

"တွင်တွင်ကျယ်ကျယ်အမြင်ဖွင့် သွားနိုင်အောင် ကလေး၊ လူငယ်၊ လူကြီးအားလုံး မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးမှ မူးယစ်ဆေးဝါး အန္တရာယ်ကို ပိုပြီးမှ နားလည်လာပြီး ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ရည်ရွယ်ပြီးမှ သင်ခန်းစာတွေကို ပြုစုရေးဆွဲပြီးမှ အမြင်ဖွင့်လုပ်ငန်းကို ပိုမိုထိရောက်လာအောင်လုပ်ဆောင်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်ရခြင်းဖြစ်တယ်"ဟု ဦးတန်ဂွန်းက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

သင်ရိုးညွှန်းတမ်းတစ်ခု အမြန်ဆုံး ပေါ်ပေါက်လာရေးနှင့် စနစ်တကျရေးဆွဲနိုင်ရေးအတွက် ဖေဖော်ဝါရီလဆန်းပိုင်းက ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်ဟုလည်း သိရသည်။

"လူငယ်တွေကို သင်ကြားတဲ့အချိန်မှာ သုံးနိုင်ဖို့အတွက် သင်ရိုးညွှန်းတမ်းပေါ့။ သင်ခန်းစာတွေကိုသင်ရိုးညွှန်းတန်းထဲမှာ စနစ်တကျ ထည့်သွင်းဖို့ စနစ်တကျရေးဆွဲနိုင်ဖို့အတွက် ကျွန်တော်တို့ ကော်မတီတစ်ရပ် စတင်ပြီးဖွဲ့စည်းလိုက်ပြီ။ အဲ့ဒီကော်မတီကနေမှ ရေးဆွဲဖို့ လုပ်သွားမှာဖြစ်တယ်၊ မျှော်လင့်တာက အမြန်ဆုံးရေးဆွဲပြီး အတည်ပြုပြီး အသုံးပြုသွားနိုင်ဖို့ မျှော်လင့်တယ်"ဟု ၎င်းက ထပ်မံပြောဆိုသည်။

လက်ရှိ အနေအထားတွင် ဘိန်းခင်းများ သွားရောက် ဖျက်ဆီးရန် အစီအစဉ် မရှိသေးကြောင်းနှင့် ကချင်ပြည်အတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်မှုပြဿနာများ လျော့ကျလာရေး လုပ်ငန်းများအတွက်သာ ဦးစားပေး လုပ်ဆောင်နေသည်ဟုလည်း သိရသည်။

"ဘိန်းခင်း တိုက်ဖျက်တာက စစ်ရေးမတည်မငြိမ်ဖြစ်နေတဲ့အချိန်မှာ တောတောင်ကြားမှာ ဘာလက်နက်မှမပါတဲ့ လူထုက သွားပြီးမှ ဘိန်းခင်းသွားဖျက်တော့ မဖြစ်သင့်တာတွေ ဖြစ်သွားရင်လည်း မကောင်းဘူး၊ အခြေအနေပေါ် မူတည်ပြီးမှကြည့်နေပါတယ်။ လောလောဆယ်တော့ ဘိန်းခင်းဖျက်ဖို့ကို ဆုံးဖြတ်တာမျိုး မရှိသေးပါဘူး"ဟု ဦးတန်ဂွန်းက ပြောသည်။

ကချင်ပြည်နယ် လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (Pat Jasan) အဖွဲ့သည် ၂၀၁၄ ခုနှစ်မှ စတင်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို လူထုအင်အားဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွင်းတွင် တနိုင်း၊ ပူတာအို၊ ဝိုင်းမော်မြို့နယ်ရှိ ဘိန်းစိုက်ခင်း ဧကပေါင်း ၆၀၀၀ ကျော်တို့ကို သွားရောက်ဖျက်ဆီးနိုင်ခဲ့သည်။

နှစ်စဉ် ဧပြီလ ၂၅ ရက်နေ့ကိုလည်း ကချင်အမျိုးသား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ( Kachin Anti Drug Day) နေ့အဖြစ် ကချင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် နှစ်စဉ်ကျင်းပလျက် ရှိနေသည်။

Salai







Movie View

## ▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

၈ - ၂ - ၂၀၁၉ မှ ၁၄ - ၂ - ၂၀၁၉ အထိ ညနေ ၃ း ၃၀ နာရီ ပွဲချိန်တွင် - **Manikarnika**

နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင် **တရုတ်မလေးကိုချစ်တယ်**







## အမည်ပြောင်းအသိပေးကြေညာခြင်း

ဝိုင်းမော်မြို့၊ လဘာန်ရပ်ကွက်၊ မဒိန်ကျေးရွာအုပ်စုတွင် နေထိုင်သော အဖဦးမာနော်၏ သား ၁/ဝမန(နိုင်)၁၇၈၁၅၇ ကိုင်ဆောင်သူ မောင်ဂျော်နီ ကို မောင်ဂျွန်တန်ဘောင်ဟု ပြောင်းလဲ ခေါ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။


## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်(၁) တွင် နေထိုင်သော ဦးဆလျားမတ် နှင့် ဒေါ်ဆဘော်လု တို့၏ သမီး မရွှေပိုင်း(၁ /မကန(နိုင်) ၁၀၅၁၇၇)သည် မိဘနှင့်မောင်နှမ အပေါ် စိတ်ဒုက္ခပေးသောကြောင့် (၄.၂.၂၀၁၉)နေ့မှစ၍ သမီး အဖြစ်မှ စွန့်လွှတ်လိုက်ပြီး မရွှေပိုင်းနှင့် ပတ်သက်၍တစ်စုံတစ်ရာမှ တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဆလျားမတ် +ဒေါ်ဆဘော်လု

# စာအုပ်စင်ကလျာ

ညီထွန်းလင်း





| မျက်မှောက်ခေတ် နိုင်ငံတကာ ဝတ္ထုတိုများ |
|---|
| စာရေးသူ = မောင်ဒေး |
| စာအုပ်တိုက် - နှစ်ကာလများ |
| တန်ဖိုး = ၂၀၀၀ ကျပ် |

ခေတ်ပြိုင် နိုင်ငံတကာ ဝတ္ထုတိုများကို မောင်ဒေးက ဘာသာပြန်ထားခြင်း ဖြစ်သည်။ ချီလီ၊ အာဂျင်တီးနား၊ တောင်အာဖရိက၊ အိုင်းရစ်၊ မက္ကစီကို၊ အစရှိသည့် နိုင်ငံတကာမှ စာရေးဆရာ ၁၃ ဦး၏ ဝတ္ထုတို ၁၃ ပုဒ်ကို ပြန်ဆိုထားခြင်းဖြစ်သည်။ ဒီထဲမှာပါသည့် ခေတ်ပြိုင် လက်တင် အမေရိကန် စာရေးဆရာ ယူရီဟာရဲယားက ပြောသည် "ဟန်ဆိုတာ အပေါ်ယံမျက်နှာပြင် မဟုတ်ဘူး၊ ဟန်ဆိုတာ အသိပညာပုံစံတစ်ခုဖြစ်တယ်"ဟု ပြောခဲ့သည်။ ယခုစုစည်းမှုမှာ အရေးအသား အသိပညာချဲ့ထွင်လာနိုင်ဖို့နှင့် လွတ်လပ်လာနိုင်ဖို့ မောင်ဒေးစုစည်းတင်ပြထားသည့် စုစည်းမှုတစ်ခုဖြစ်သည်။

ဒီအခါမှာ ကောင်မလေးကသူ့ကို စိုက်ကြည့်ပြီးမေးတယ်၊ ဒါဖြင့်ရင် ရှင့်ရဲ့ခန္ဓာကိုယ်ကို ဘာနဲ့ လုပ်ထားတယ်လို့ ထင်သလဲတဲ့။ အသားတွေနဲ့ချည်း လုပ်ထားတာပေါ့။ ကလီစာအနေနဲ့ဆိုရင် ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေကို သိမ်းဆည်းပေးထားတဲ့ အင်္ဂါအစိတ်အပိုင်းကိုလည်း ဖယ်ရှားပစ်ချင်တဲ့ အကြောင်းလည်း သူပြောလိုက်တယ်။ လူနာတစ်ယောက်ရဲ့ မှတ်ဉာဏ်တွေကို ခွဲစိတ်ပြီး ထုတ်ပစ်လို့ရရင် သိပ်ကောင်းမှာပဲ။ ဖျက်ဆီးပစ်ဖို့ မဟုတ်ဘဲ အမှတ်တရ ပစ္စည်းတစ်ခုအဖြစ် သိမ်းထားဖို့ ပြီးတော့ အခြားသူတွေ သင်ခန်းစာယူနိုင်ဖို့ပေါ့။ အဲသလိုသာ လုပ်နိုင်လို့ကတော့ သူ့အနေနဲ့ ခွဲစိတ်ခန်းထဲကို ပျော်ပျော်ကြီး ဝင်သွားလိုက်မှာပဲ။ တစ်ခုတော့ရှိတယ်။ သူ့ရဲ့ မှတ်ဉာဏ်တွေကိုတော့ တစ်နေရာရာမှာ သိမ်းထားပေးရမယ်။ သူ့အနေနဲ့ တစ်နှစ်ကိုတစ်ကြိမ်၊ နှစ်ကြိမ်လောက် ဝင်ထွက်လို့ ရနိုင်မယ့်နေရာမျိုးပေါ့။ သူ့ရဲ့မှတ်ဉာဏ်ကို အဲသလိုမျိုး တစ်နှစ်မှာ တစ်ကြိမ်၊ နှစ်ကြိမ်လောက် ပြန်ကြည့်ချင်ရတဲ့ အကြောင်းရင်းလည်း ရှိပါတယ်။ ဖြစ်ပြီးခဲ့တာတွေကို ပြန်ကြည့်ပြီး နောင်ဖြစ်လာမယ့် အရာတွေဟာ အရင်က ဖြစ်ခဲ့တာတွေထက် ပိုကောင်းရမယ်ဆိုတဲ့ ယုံကြည်ချက်ကို ထပ်လောင်းအတည်ပြုနိုင်ဖို့ ဖြစ်ပါတယ်။

သူတို့နှစ်ယောက် အဲသလို ဆွေးနွေးပြောဆိုပြီး နောက်ပိုင်း ကောင်မလေးက သူ့အပေါ်မှာ သိပ်ပြီး တင်းမခံတော့ဘူး။ အိမ်ထဲမှာ သူ ဝင်ထွက်သွားလာတာကို သည်းခံတတ်လာတယ်။ ကောင်မလေး ကျောင်းစာဖတ်တဲ့အခါမှာလည်း သူက ကောင်မလေးရဲ့ ပခုံးပေါ်ကနေ ကျော်ကြည့်၊ ပြီးတော့ ကိုယ်ကို ပြန်ရှို့ပြီး ယုံရခက်တဲ့ပုံစံမျိုးနဲ့ ရှုံ့ခနဲလေချွန်တတ်တယ်။ ဒါကိုလည်း ကောင်မလေးက ဘာမှ သိပ်မပြောတော့ဘူး။ တစ်ယောက်ကိုတစ်ယောက် မယုံကြည်နိုင်ခြင်းကတော့ သူတို့နှစ်ယောက်စလုံးမှာ ရှိကြတယ်။ (စာ - ၃၀ မှ)




| တကွဲတပြား |
|---|
| စာရေးသူ = ဒီနိုဗို |
| စာအုပ်တိုက် = Wit Publication |
| တန်ဖိုး = ၃၅၀၀ ကျပ် |

အာဖရိက စာရေးဆရာ ချင်နူအာချေဘီ၏ Things Fall Apart ကို ဒီနိုဗိုက တကွဲတပြား အမည်ဖြင့် မြန်မာပြန်ဆိုထားခြင်း ဖြစ်သည်။ ကိုလိုနီလက်အောက် ကျခံခဲ့ကြရသော နိုင်ငံများမှာ လူဖြူစာရေးဆရာတို့၏ ပုံဖျက် ရေးသားခြင်းများကို ခံရတတ်ပါသည်။ သူတို့ ရေးသားမှုများမှာ နိုင်ငံ၏ အရှိတရားများ၊ ယဉ်ကျေးမှုလက္ခဏာများကို မူရင်းအတိုင်း ရေးသားကြခြင်းမျိုး မဟုတ်ဘဲ သူတို့အမြင်အတွေးများဖြင့် ပုံဖော်ရေးသားကြခြင်းများဖြစ်ရာ လက်တွေ့နှင့် မထင်ဟပ်ဘဲ များစွာ ကွဲပြားလျက်ရှိသည်။ ထိုအခါ ကိုလိုနီနိုင်ငံအဖြစ်မှ လွတ်မြောက်သောအခါ နိုင်ငံသား စာရေးဆရာများက မိမိတို့နိုင်ငံ၏ ပုံရိပ်များ၊ ယဉ်ကျေးမှုများ၊ လူမှုရေး၊ စီးပွားရေး၊ ဓလေ့ထုံးစံများကို အရှိအတိုင်း ထုတ်ဖော်ရေးသားလာကြသည်။ ယခု အာချေဘီ၏ စာအုပ်မှာ အာဖရိက နိုင်ငံတော်ကြီး အကြောင်းကို အမျိုးသားအမြင်ဘက်မှ ပြန်လည် ခုခံချေပရေးသားထားသော စာအုပ်တစ်အုပ် ဖြစ်သည်။

"ပထမ မယားကတော့ ဒါ သက်သက်စော်ကားတာပဲဟု မြင်သည်။ အေးကွေဖီ၏ ခါးသီးမှုက အပြင်စီးထွက်မလာဘဲ အတွင်းဝိညာဉ်ထဲ စီးဝင်သွားသည်ကို သူမ မည်သို့သိနိုင်မည်နည်း။ ဒီတော့ သူမမှာ ကံကောင်းကြသည့် သူမများတကာကိုလည်း အပြစ်မတင်၊ သူမကို ကလေးတစ်ယောက်တလေပင် အဖတ်တင်အောင် မစောင့်ရှောက်နိုင်သည့် ကိုယ်စောင့်နတ်ကိုပဲ အပြစ်တင်မိတော့သည်။

နောက်ဆုံးမှာ အီဇင်မားကို မွေးလာခဲ့သည်။ နေထိုင်မကောင်း ကြုံရသော်လည်း သူမကြည့်ရသည်မှာ ဆက်ရှင်သန်ဖို့ စိတ်ပိုင်းဖြတ်ထားပုံပင်။ ပထမတော့ သူမကို တခြားကလေးတွေလိုပဲ သဘောထားပြီး လက်ခံထားခဲ့သည်။ နှံချည့်စွာနဲ့ စိတ်လျှော့ထားလိုက်ပြီ ဖြစ်သည်။ သို့သော်လည်း သူမက လေး၊ ငါး၊ ခြောက်နှစ်အထိ ဆက်ပြီး ရှင်သန်နေသည့်အခါ အမေဖြစ်သူမှာ တစ်ခါပြန်ပြီး ချစ်ခင်စွဲလန်းသည့်စိတ်တွေ ပြန်ရလာခဲ့သည်။ ချစ်သည်နှင့်အမျှ ပူပန်သောကလည်း တွဲလာခဲ့သည်။ သူမအနေနှင့်ကလေး ကျန်းမာဖို့ ကောင်းကောင်း ပြုစုမည်၊ သူမ၏ ဖြစ်တည်မှုတစ်ခုလုံးကို အဲဒီအတွက် မြှုပ်နှံထားလိုက်တော့မည်ဟု သန္နိဋ္ဌာန်ချမိတော့သည်။ အဲဒီအတွက် အကျိုးရလာဘ်အဖြစ် အီဇင်မားတစ်ယောက် လတ်ဆတ်သည့် ထန်းရည်လို စွမ်းအားတွေပြည့်ဝပြီး ကျန်းမာဖျပြီးနေသည့် အချိန်မျိုးလေးတွေလည်း ရှိလာသည်။ ( စာ- ၉၀ မှ)

# မိုးညှင်းမြို့ရှိ စေတနာရှင် အခမဲ့ဆေးခန်းအတွက် အလှူရှင်များ လိုအပ်နေ

မိုးညှင်းမြို့ အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ဖွင့်လှစ်ထားသော စေတနာရှင် အခမဲ့ဆေးခန်း၏ ရေရှည်တည်တန့်နိုင်စေရန်အတွက် အလှူရှင်များ ထပ်မံလိုအပ်နေကြောင်း သိရသည်။

အဆိုပါ ဆေးခန်းသည် မိုးညှင်းမြို့နယ်အတွင်းရှိ ဒေသခံများ၏ အလှူငွေဖြင့် လူမျိုးမရွေး ဘာသာမရွေး အခမဲ့ကုသရန် ဖွင့်လှစ်ပေးခဲ့သည်မှာ ၁၄ နှစ်တိုင် ရှိလာသည်နှင့်အမျှ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသော လူနာများကြောင့် အလှူရှင်များလည်း ထပ်မံလိုအပ်နေကြောင်း ဆေးခန်းတာဝန်ခံ ဒေါက်တာမောင်မောင်လေးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခမဲ့ဆေးခန်း ဖွင့်ခဲ့တာ ၁၄ နှစ် ရှိနေပြီဖြစ်လို့ လူနာက တစ်နှစ်ထက်တစ်နှစ်တိုးလာတယ်။ အလှူခံလို့ ရတဲ့ငွေနဲ့ ဆေးခန်းမှာ အသုံးပြုရတဲ့ ရငွေက ကွာဟလာတယ်၊ လာတဲ့လူနာတွေ မှန်သမျှကို ရေရှည်ဆေးဝါးပေးနိုင်ဖို့နဲ့ ဆေးဝါးတွေဝယ်နိုင်ဖို့အတွက် လိုငွေတွေပြလာလို့ ဆေးခန်းအတွက် အခက်အခဲတွေရှိလာတယ်"ဟု ဒေါက်တာမောင်မောင်လေးက ပြောသည်။

ယင်းဆေးခန်းတွင် ယခင်နှစ်က လူနာပေါင်းတစ်သောင်း တစ်ထောင်ကျော်လာရောက် ကုသခံယူခဲ့ကြပြီး လိုအပ်သည့်ဆေးဝါးများကိုပြင်ပဆေးဆိုင်များမှဝယ်ယူကာ နာတာရှည်လူနာများအတွက်(၇)ရက်စာ အထိ အခမဲ့ ပေးကမ်းလှူဒါန်းခဲ့ဟုလည်း သိရသည်။

"ခုလို အခမဲ့ ဆေးကုသတဲ့လုပ်ငန်း ရေရှည်ရပ်တည်နိုင်ဖို့ကတော့ အကျိုးဆောင်အဖွဲ့တွေကို အမှုဆောင်ကော်မတီတွေနဲ့ တွဲဖက်ပြီးတော့ ပရဟိတလူငယ်တွေနဲ့ ဆင့်ပွားအမှုဆောင် အဖွဲ့တွေကို ဆင့်ပွားဖွဲ့စည်းပေးဖို့လိုနေပါသေးတယ်။ အခြေခံလူတန်းစားတွေနဲ့ ထိတွေ့နိုင်မှ ကျေးရွာတွေအရောက် လက်ဆင့်ကမ်း အလှူရှင်တွေလည်း ပေါများလာမှာပါ"ဟု စေတနာရှင်အခမဲ့ဆေးပေးခန်း အမှုဆောင် ဦးဟန်ရီက ပြောသည်။

အဆိုပါ ဆေးခန်းတွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများအပြင် နာတာရှည်လူနာများ ဆီးချို၊ သွေးချို လူနာများအား ဆေးဝါးများ အခမဲ့ပေးလှူနေရာ မိုးညှင်းမြို့ပေါ် ဒေသခံလူနာများအပြင် ဘီလူးမြို့ကျေးရွာ၊ ပင်းဟဲကျေးရွာ၊ နန်းမားကျေးရွာ၊ မော်ဟန်ကျေးရွာ၊ ကာဒူကျေးရွာ၊ ဆယ်မိုင်ကျေးရွာ၊ နန့်စီးအောင်ကျေးရွာတို့မှ လူနာများ လာရောက်ကုသကြကြောင်း သိရသည်။

စေတနာရှင် အခမဲ့ဆေးခန်းသို့ လှူဒါန်းမည်ဆိုပါက ဖုန်းနံပတ် 09960067756 သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

ထွန်းထွန်း(မိုးညှင်း)

## ဖခင်အမည်ပြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ ဆန်ဂေါင် အထက်တန်းကျောင်း(ခွဲ)၊ န၀မတန်းတွင်တတ်ရောက်နေသော မစွဲ့ဟွမ်ဝါ ၏ဖခင်အမည်ကို ဦးစောနွဲ့ကြဲဆိုင် မှ ဦးအောင်နိုင်ထွန်း(၁/ပတအ(နိုင်)၀၅၀၉၄၈)သို့ ပြောင်းလဲခေါ်ဆိုပေးပါရန်အသိပေးကြေညာအပ်ပါသည်။

ဦးအောင်နိုင်ထွန်း
(၁/ပတအ(နိုင်)၀၅၀၉၄၈)

# တစ်သျှူးငှက်ပျောနှင့် ပတ်သက်သည့် အစိမ်းရောင်ဝိရောဓိသုတေသနအစီရင်ခံစာ ထွက်ရှိ

ဖေဖော်ဝါရီ ၇

"အစိမ်းရောင်စီးပွားရေးဝိရောဓိ"ဆိုသည့် သုတေသနအစီရင်ခံစာနှင့် စပ်လျဉ်းပြီး မြစ်ကြီးနားမြို့ ရွှေပြည်စံခန်းမ၌တင်ပြခြင်းနှင့် ဆွေးနွေးခြင်းဆိုင်ရာ စကားဝိုင်းကိုဖေဖော်ဝါရီလ ၇ ရက်က ကျင်းပခဲ့သည်။

ထိုအခမ်းအနားကို မြေယာလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း ကွန်ရက်အဖွဲ့ (LSECNG) က ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ၏ မြေယာဆုံးရှုံးမှုမရှိစေရေးနှင့် စိမ်းလန်းစိုပြေသည့် အစိမ်းရောင်နယ်မြေများ တိုးပွားရေးတို့အတွက် အဖြေရှာရန်အလို့ငှာ ၂၀၁၈ ခုနှစ် မေလ ၂၈ ရက်မှ ဇွန်လ ၉ ရက်အတွင်းကွင်းဆင်းသုတေသန ပြုထားသည့် အစီရင်ခံစာကို ရှင်းလင်းတင်ပြခြင်း ဖြစ်သည်။


အစိမ်းရောင် စီးပွားရေးဝိရောဓိ သုတေသနအစီရင်ခံစာကို ပြုစုရာတွင် ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျော စိုက်ပျိုးခြင်းနှင့် ပတ်သက်သော အခြေအနေများ၊ ဒေသခံများ ရင်ဆိုင်ကြုံတွေ့နေရသည့် လက်ရှိထိခိုက်နစ်နာမှုများ၊ လုပ်ကိုင်နေသော လုပ်ငန်းများကို ဒေသခံတို့၏ သဘောထားနှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လိုအပ်မည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် စသည့် အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

၎င်းတို့အဖွဲ့က တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်း လုပ်ငန်းအပေါ် သုတေသနကောက်ယူစုဆောင်းမှုကို ကျေးရွာ ၆ ရွာတွင် ပြုလုပ်ခဲ့ပြီး ယင်းကျေးရွာများတွင် ထိခိုက်နစ်နာမှုများနှင့် ဆက်နွယ်သူများကို အုပ်စုဖွဲ့တွေ့ဆုံဆွေးနွေး မေးမြန်းခြင်း၊ ပတ်သက်ဆက်နွယ်သူ တစ်ဦးချင်းစီကို တွေ့ဆုံမေးမြန်းခြင်း၊ ကျေးရွာရှိရှေ့မီနောက်မီပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို မေးမြန်းခြင်းနှင့် လက်တွေ့ပူးပေါင်းပါဝင်ဆွေးနွေးအဖြေရှာခြင်း တို့ဖြင့် သတင်းအချက်အလက်များ ကောက်ယူစုဆောင်းခဲ့ကြောင်း သိရသည်။

သုတေသနအစီရင်ခံစာ ရှင်းလင်းပြီးနောက် တစ်သျှူးငှက်ပျောနှင့် ပတ်သက်ပြီး ဒေသခံများ ကြုံတွေ့ရသည့် အခြေအနေများကို နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များက ရှုထောင့်အမျိုးမျိုးမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြရာ ခါးရှိကျေးရွာမှ ဒေသခံ ဦးသောင်းဆီးက ဒေသခံများ၏ တွေ့မြင်ခံစားချက်ကို ရှင်းလင်းတင်ပြခဲ့ကာ လက်ရှိဒေသ မြေပြင်အခြေအနေများကို ရှမ်းလူငယ် ပရဟိတအဖွဲ့၏ နာယကဖြစ်သူ ဝါရှောင်ဆရာတော်က တင်ပြခဲ့သည်။

ထို့အပြင် ပညာရှင်နယ်ပယ်များဖြစ်သည့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးတူးမိုင်က စိုက်ပျိုးရေးကဏ္ဍရှုထောင့်မှလည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဦးဂဲနက်စ်က ဥပဒေရေးရာရှုထောင့်မှ လည်းကောင်း၊ ကချင်ပြည်နယ် လွှတ်တော်မှ အင်ဂျန်းယန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဂျာဆိုင်းခေါ်နက ပြည်နယ်လွှတ်တော်၏ အခန်းကဏ္ဍမှ လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ LSECNG အဖွဲ့သည် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း(မေတ္တာ)၊ အစိမ်းရောင် အလင်းတန်းများအသင်း (KCWG/TNGL)၊ ဥသုံဒေသ အခြေပြုလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း (Uak thon)၊ လွယ်ယန်ဘွမ် လူထုဖွံ့ဖြိုးရေး အဖွဲ့အစည်း (LCD)၊ ရောင်စဉ်လှိုင်း ရေရှည်တည်တံ့ ဖွံ့ဖြိုးသော အသိပညာပေး ကွန်ရက် (Spectrum - SDKN)၊ ဝိုင်းမော်မြို့နယ် သစ်တောအသုံးပြုသူများအသင်း (Wai maw FUA)၊ လီဆူအရပ်ဘက်အဖွဲ့အစည်း (LCSO)၊ ကရုဏာလူမှုစည်းလုံး ညီညွတ်ရေးအသင်း၊ မြစ်ကြီးနား(KMSS)၊နမ့်ကျိုပရဟိတ ဖောင်ဒေးရှင်း၊ ကချင်ပြည်နယ် တောင်သူလယ်သမားများအဖွဲ့(KFA)နှင့် အလင်းဗန်းမော် ဒေသဘက်စုံဖွံ့ဖြိုးရေးအဖွဲ့(Alinn Bhamaw) ဟူသည့် အဖွဲ့ ၁၁ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ကြောင်း သိရသည်။




မွန်းမွန်းပန်

# ကြားဖြတ်ရွေးကောက်ပွဲ အနိုင်ရ လွှတ်တော်အမတ်က အခြေခံဥပဒေ ပြင်ဆင်ရေးစတင်ဆွေးနွေး

ဖေဖော်ဝါရီ ၈

ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆီဟူးဒွေ့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အရေးကြီးအဆိုကို ဖွဲ့စည်းပုံအခြေခံဥဒေဆိုင်ရာ တိုးတက်ရန်အဖြစ်သာ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုလွှတ်တော်တွင် အကြံပြုဆွေးနွေးခဲ့သည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် ၁၁ ကြိမ်မြောက်အစည်းအဝေးတွင် မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်တင်သွင်းခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး အရေးကြီးအဆိုကို ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းက တင်ပြလာသည့် အဆိုပါဥပဒေမူကြမ်းကိုသာလျှင် ပြည်ထောင်စု လွှတ်တော်က လက်ခံဆွေးနွေးရမှာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် အထက်ပါအချက်ကို ခြုံငုံသုံးသပ်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်များ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ ဆောင်ရွက်ရန် မသင့်ကြောင်းနှင့် ဥပဒေပြဋ္ဌာန်းချက်များအတိုင်းသာဆောင်ရွက်သင့်ပါကြောင်း" ဦးဆီဟူးဒွေ့ တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ၏ အနှစ်သာရတစ်ရပ်မှာ အကယ်၍ ဥပဒေကို ပြင်ဆင်လိုပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိကျသည့်လုပ်ထုံးလုပ်နည်းများကို အခန်း (၁၂)တွင် ပြဋ္ဌာန်းထားသကဲ့သို့ ပြင်ဆင်လိုပါက ပြဋ္ဌာန်းထားသော ဥပဒေမူဘောင်အတွင်းမှသာ ပြင်ဆင်ရန်လိုအပ်ကြောင်း အဆိုပါပြဋ္ဌာန်းချက်ကို ကျော်လွန်၍ ဆောင်ရွက်ပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်ချက်များ ဖြစ်သွားနိုင်ကြောင်းလည်း ဆက်လက် အကြံပြုခဲ့သည်။

ဆက်လက်ပြီး ဦးဆီဟူးဒွေ့က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် တစ်ကြိမ် ပြင်ဆင်ခဲ့ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၂ ပုဒ်မ - ၄၃၆ (ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်း ကျော်ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုချက်အရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ဇယား(၂) တိုင်းနှင့်ပြည်နယ် ဥပဒေပြုစာရင်းတွင် ပါရှိသော ကဏ္ဍများတွင် အချက် ၂၀ ကို ပြင်ဆင်ခဲ့ကြောင်းလည်း ဆက်လက်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်မှ ဖေဖော်ဝါရီလ ၆ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၂၁ ဦးရှိရာ ထောက်ခံမဲ ၄၁၄မဲ၊ ကန့်ကွက် ၁၉၁ မဲနှင့် ကြားနေမဲ ၆ ရှိခဲ့ပြီး ထောက်ခံမဲ များသောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကိုဖွဲ့စည်းရန် အဆိုကို အတည်ပြုခဲ့ပြီး အဖွဲ့ဝင် ၄၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းလည်း သိရသည်။



စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဖေဖော်ဝါရီ ၁၁ ၊ ၂၀၁၉ )

# နေရပ်ပြန်ဖို့ အခွင့်မသာတော့တဲ့ ဘွက်ကြီးရွာက ကမန်လူမျိုးစု

မျိုးမြတ်မြတ်ပန် ရေးသားသည်။





ဖေဖော်ဝါရီ ၂ရက်

ညနေခင်း နေ့အပူချိန်လျော့သွားတဲ့အချိန် ရန်ကုန်မြို့လည်မှာ မိုးပေါ်ထောင်တက်နေတဲ့ တိုက်မြင့်ကြီးတွေကို ဖြတ်ကျော်ရင်း မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာမှာရှိတဲ့ ပေတစ်ရာ ကွန်ကရစ်လမ်းပေါ် လျှောက်လှမ်းဖို့ အခွင့်သာခဲ့လေတယ်။

လမ်းပေါ်မှာ မိုးရာသီကို အံတုဖို့အတွက် ခင်းထားတဲ့ အနီရောင် အုတ်ခဲတွေဟာဖြင့် မြေကြီးထဲ ကျွံဝင်တာက ဝင်၊ ဖုန်တွေဟာလည်း တလူးလူးနဲ့မို့ ဂရုစိုက်လမ်းလျှောက်ရင်း ဟင်းလင်းပြင်ဖြစ်နေတဲ့ လယ်ကွင်းပြင်ထဲမျက်တောင်တစ်ခတ် ရောက်သွားတဲ့အချိန်မှာ အပူဒဏ်ကို ကာကွယ်ရုံသာ ဆောက်ထားတဲ့ ခနော်ခနဲ့အိမ်ကလေးတွေကကွက်တိကွက်ကျား စုဝေးလို့ နေတာကို မြင်လိုက်ရတယ်။

တချို့တွေက သူတို့ရဲ့နေအိမ်ကို သွပ်မိုးထားပြီး ဝါးထရံ ကာထားတယ်။ တချို့ကတော့ လုံးချင်းတိုက်အိမ်လေးတွေ ဆောက်လို့ပေါ့။ အဲ့ဒီအချိန်မှာပဲ လေပြေလေးတွေ သယ်ဆောင်လာတဲ့ နောက်ချေးအနံ့က နှာခေါင်းထဲကို တိုးဝှေ့လို့ဝင်လာခိုက် တစ်ဘက်အခြမ်းကနေ 'ဝမ်းဘဲ'လို့ အော်လိုက်တဲ့ အသံကြားလိုက်မှ ခပ်ထွားထွား နွားကြီးတွေမွေးပြီး လုပ်ကိုင်စားသောက်ကြတယ်ဆိုတာ သိလိုက်ရတယ်။

မလှမ်းမကမ်း လမ်းတစ်ဘက်ခြမ်းမှာလည်း ရိုးရာစားစရာတစ်ခုဖြစ်တဲ့ ရခိုင်မုန့်တီဆိုင်လေးကလည်း သူ့ဖောက်သည်နဲ့သူ ရောင်းကောင်းလို့ နေလေရဲ့။

တစ်ဘက်မှာလည်း ထုံး၊ ကွမ်းသီး၊ ဗမာဆေး၊ နွယ်ချို 92 အစရှိတဲ့ စားသုံးသူအကြိုက်အလိုက် နေ့စဉ် ကွမ်းယာရောင်းချသူ တစ်ဦးလည်း ရှိနေပါတယ်။

သူတို့တွေဟာ အစ္စလာမ်ဘာသာ ကိုးကွယ်တဲ့ ရခိုင်တိုင်းရင်းသားနွယ်ဝင် ကမန်တိုင်းရင်းသူ၊ တိုင်းရင်းသားတွေဖြစ်ပြီး အစိုးရက သတ်မှတ် ပြဌာန်းထားတဲ့ တိုင်းရင်းသား (၁၃၅)မျိုးမှာလည်း လူမျိုးစုတစ်ခုအနေနဲ့ ပါဝင်ပါတယ်။

အဆိုပါ ကမန်တိုင်းရင်းသူ/သားတွေဟာ ၂၀၁၂ခုနှစ် မေလ(၂၈)ရက်က ရခိုင်ပြည်နယ် ကျောက်နီမော်ဆိုတဲ့ရွာလေးက ဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရင်းသူ မသီတာထွေးကို လူမျိုးခြားအချို့က မုဒိမ်းကျင့် သတ်ဖြတ်မှုဖြစ်ပွားရာက စပြီး အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာခဲ့တာကြောင့် ရမ်းဗြဲမြို့နယ်အမှတ်(၆)ရပ်ကွက်၊ တန်းရွာ ဗလီခြံမြေ ဒုက္ခသည်စခန်းမှာခေတ္တနေထိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှာ ရန်ကုန်တိုင်းဒေသကြီး အတွင်းကို ပြောင်းရွှေ့လာကြတာပါ။

“ကျွန်မတို့မှာ ဘာမှမဆိုင်ဘဲနဲ့ ရွာတွေကို မီးရှို့ခံရတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ပြေးကြရတာပေါ့။ အဲ့ဒါနဲ့ ရမ်းဗြဲမြို့မှာ ရှိတဲ့ဒုက္ခသည်စခန်းကို ကျွန်မတို့ ရောက်သွားတယ်။ နောက်မှ ဒီ ဘွက်ကြီးကျေးရွာကိုရောက်ခဲ့တာ”လို့ အသက်(၃၀)ဝန်းကျင် မတင်ဇာမြင့်က သူမနေရပ်ကို စွန့်ခွာခဲ့ရတဲ့အကြောင်းကို ပြောပြခဲ့ပါတယ်။

မတင်ဇာမြင့်က သူမရဲ့ မိသားစုမှာ စတုတ္ထမြောက်သမီးဖြစ်ပြီး ၂၀၁၂ ခုနှစ် လူမျိုးရေးပဋိပက္ခ မဖြစ်ခင်လပိုင်းအလိုက ဗမာတိုင်းရင်းသားနဲ့ အိမ်ထောင်ပြုခဲ့ကာ သမီးတစ်ယောက်ပိုင်ဆိုင်ထားသူတစ်ဦး ဖြစ်ပါတယ်။

လူမျိုးရေး ပဋိပက္ခကြောင့် မတင်ဇာမြင့် နေထိုင်တဲ့ ရမ်းဗြဲမြို့မှာ သူမရဲ့ နေအိမ် မီးရှို့ခံရပြီး ပိုင်ဆိုင်မှုပြစရာဆိုလို့ တစ်ခုတည်းရှိတဲ့ ဆိုင်ကယ်တစ်စီးကလည်း တစ်စစီ ချိုးဖွဲ့ခံလိုက်ရတဲ့အတွက် ရှေ့ဆက်အသက်ရှင် နေထိုင်ဖို့အတွက် စိတ်ပိုင်းဆိုင်ရာ တုန်လှုပ်ခြောက်ခြားမှုတွေလည်း ဖြစ်ပေါ်ခဲ့တယ်လို့ ဆိုပါတယ်။

ကျောက်နီမော်မှာ အရေးအခင်းဖြစ်တော့ ကျွန်မတို့နီးစပ်ရာတောထဲကို ပြေးသွားကြတယ်။ ပြန်ထွက်လာတော့ အိမ်တွေ မီးရှို့ခံထားရတယ်။ ဆိုင်ကယ်ကိုကြည့်တဲ့အချိန်မှာ အရိုးပဲကျန်နေတော့ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရတယ်။ အကုန်လုံးကပျက်စီးသွားတော့ ဘာတွေနဲ့ လုပ်ကိုင်စားသောက်ရမှာလဲ၊ နေမယ့်နေရာလည်း မရှိတော့ဘူး။ အားကိုးရာမဲ့ဖြစ်ခဲ့တာကို မမေ့နိုင်တဲ့ခံစားချက်ပါပဲ”လို့မတင်ဇာမြင့်က ပြောပါတယ်။

ရမ်းဗြဲမြို့နယ် အမှတ်(၆) ရပ်ကွက်၊ တန်းရွာ ဗလီခြံမြေ ဒုက္ခသည်စခန်း နေစဉ်အခါက ဘာသာခြားလူတစ်စုရဲ့ ဝါဒဖြန့်မှုတွေကြောင့် စားဝတ်နေရေးအတွက် စီးပွားရေးလုပ်ကိုင်ရာမှာ အခက်အခဲရှိခဲ့တယ် ဆိုတဲ့အကြောင်း သူမက အခုလို ပြောပြခဲ့ပါသေးတယ်။

“ကြက်ဥထဲမှာ အဆိပ်ထည့်ထားတယ် ဆိုပြီး သတင်းတွေလွှင့်တာ ခံရလို့ ကြက်ဥမရောင်းတော့ဘူး အခုဒီမှာနေတော့ ကျွန်မအမျိုးသားက ဆိုင်ကယ်ကယ်ရီပြေးတယ်၊ ကျွန်မကတော့ အိမ်မှာ ကလေးထိန်းရင်း ကွမ်းရောင်းတယ်”

မတင်ဇာမြင့်တို့ မိသားစုနဲ့အတူ အခြား ကမန်တိုင်းရင်းသူ/သား (၆၀၀) ကျော်လည်း ရန်ကုန်မြို့ကို ပြောင်းရွှေ့လာခဲ့ကြသည်။

အဆိုပါ တိုင်းရင်းသားများသည် ရန်ကုန်မြို့က မရမ်းကုန်း၊ အင်းစိန်၊ သာကေတ၊ လှိုင်သာယာ၊ ရွှေပြည်သာနဲ့ မှော်ဘီမြို့နယ်တွေမှာ အသီးသီး ဖြန့်ကျက်နေထိုင်ကြပါတယ်။

ကျောက်ဖြူ ပေါက်တောနဲ့ ရမ်းဗြဲမြို့နယ်တွေမှာရှိတဲ့ ဒုက္ခသည်စခန်း (၃) ခုကို ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်အရ ပိတ်သိမ်းခဲ့ပြီး ကမန်လူမျိုး အိမ်ထောင်စု (၅၅)စုကို ရန်ကုန်မြို့ကို ပြောင်းရွှေ့နေထိုင်ဖို့ ခွင့်ပြုခဲ့တဲ့အကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးက ၂၀၁၇ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ လူမျိုးရေးပဋိပက္ခတွေကြောင့် ဘာသာခြားဆိုတဲ့ အယူဝါဒတွေနဲ့ လူမျိုးရေးမုန်းတီးတာတွေ ဖြစ်ပေါ်နေပေမယ့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာမှာ နေထိုင်တဲ့ အစ္စလာမ်ဘာသာ ကိုးကွယ်တဲ့ ကမန်တိုင်းရင်းသူ/သားတွေဟာ မွတ်ဆလင်လူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်တဲ့ဗမာလူမျိုးတွေနဲ့အတူ ရောနှောကာ နေထိုင်ကြတဲ့အခါ ပြဿနာတစ်စုံတစ်ရာမှ မဖြစ်သလို၊ ဗလီကျောင်းတစ်ခုတည်းမှာ ဘာသာခြားလူမျိုးတွေနဲ့အတူတူ ဘုရားကျောင်း တစ်ခုတည်းမှာ ဘုရားဝတ်ပြုကြတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေဟာကိုးကွယ်တဲ့ဘာသာ မတူပေမယ့်လည်း ဒီမြေ၊ ဒီရေပေါ် မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ဖြစ်တဲ့အလျောက် နိုင်ငံသားဖြစ်ခွင့်နဲ့ တရားဥပဒေစိုးမိုးမှု တန်းတူရှိသင့်တယ်လို့ နိုင်ငံရေးတက်ကြွလှုပ်ရှားနေတဲ့ အသိုင်းအဝိုင်းက သုံးသပ်ပြောဆိုကြပါတယ်။

“အစိုးရအနေနဲ့ ရခိုင်ဖြစ်ဖြစ်၊ ဘင်္ဂါလီဖြစ်ဖြစ်၊ ကမန်ပဲဖြစ်ဖြစ်၊ မြိုပဲဖြစ်ဖြစ် တစ်ဦးချင်းရဲ့အပေါ်မှာ အစိုးရ ယန္တရားအာမခံလိုက်ရင် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဟာ ဖြစ်စရာအကြောင်းကို မရှိဘူး။ အဓိကလုပ်ဆောင်ရမှာက တရားဥပဒေစိုးမိုးမှုပဲ”လို့ ကမန်အမျိုးသား တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်ဝင်းက ပြောပါတယ်။

ရခိုင်ပြည်နယ်ဟာ ဘာပဲပြောပြော နေရပ်စွန့်ခွာပြီး ရန်ကုန်မြို့ကို ပြောင်းရွှေ့လာကြတဲ့ ကမန်လူမျိုးတွေရဲ့ မိဘ၊ ဘိုးဘွားတွေ ခေါင်းချခဲ့တဲ့နေရာမို့ ကိုယ့်မွေးရပ်မြေကိုပဲ ပြန်ပြီး နေထိုင်လုပ်ကိုင် စားသောက်ချင်တယ်လို့ မတင်ဇာမြင့်က စာရေးသူရဲ့ အကြည့်၊ အာရုံစူးစိုက်စွာ နားထောင်ခြင်းနဲ့ဝေးရာကို လှမ်းမျှော်ကာ ကြည့်လိုက်ရင်း သူမရဲ့ စိတ်ကူးအိမ်မက်ကို ကျကျနန ပုံဖော်ပြီး ပြောပြခဲ့ပါသေးတယ်။

သို့ပေမယ့် ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီးကတော့ ရန်ကုန်မြို့ကို ပြောင်းရွှေ့ခံရတဲ့ ကမန်တိုင်းရင်းသားတွေရဲ့ မွေးရပ်မြေဟာ ပင်လယ်ကမ်းစပ် ဖြစ်တာကြောင့် နေရပ်ကိုပြန်ဖို့မဖြစ်နိုင်တဲ့ အကြောင်းအရင်းကို အခုလို ပြောပြပါတယ်။

“သူတို့နေတဲ့ နေရပ်မှာတော့ ဘယ်လိုမှ ပြန်နေလို့ မရတော့ဘူး သူတို့နေရပ်က ပင်လယ်ကမ်းစပ်နဲ့ နီးတယ် အဲ့နေရာက ခေတ်အဆက်ဆက် အစိုးရတွေရဲ့ စီမံခန့်ခွဲမှု မှားယွင်းစွာနဲ့ လာဘ်စားပြီးတော့ ပေးခဲ့တာ ဥပဒေအရ ပင်လယ်မြစ်ချောင်းရဲ့ ကိုက်(၁၅၀)အထိ ဘယ်ရပ်ကွက်မှ ချပေးလို့ မရဘူး ဥပဒေမှာ ရှိပြီးသား”

ကမန်လူမျိုးစု ဆိုတာ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုဝင်(၇)ခုဖြစ်တဲ့ ခမီး၊ မရမာ၊ ဒိုင်းနက်၊ မြို၊ ကမန်၊ သက်နဲ့ ရခိုင်ထဲက တစ်ခုဖြစ်ပါတယ်။

ခရိုနီတွေနဲ့ အုပ်ချုပ်ခွင့်အာဏာရသူတချို့ရဲ့ စီးပွားရေး ရိုက်စားလုပ်မှုကြောင့် ဥပဒေအရ တားမြစ်ကန့်သတ်ထားတဲ့ မြေနေရာတွေမှာ လူနေအိမ်တွေ ဖြစ်တည်လာမှုနဲ့အတူ မြေစာပင်ဖြစ်ခဲ့ရတဲ့ ကမန်လူမျိုးစုတွေဟာ သူတို့နေရပ်ကို ဘယ်တော့မှ ပြန်အခြေချနေနိုင်တော့မှာ မဟုတ်ပါဘူး။ ❑

# ကာချုပ်နဲ့ ခရစ်ယာန်ဘာသာရေးဆရာများသီးသန့်တွေ့ဆုံ

*မြစ်ကြီးနားကို ရောက်ရှိလာတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ မြစ်ကြီးနားက ဘာသာရေးဆရာအချို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊မလိခဧည့်ရိပ်သာမှာ ဖေဖော်ဝါရီလ ၅ ရက်နေ့ မနက်ပိုင်းက တွေ့ဆုံခဲ့ကြပါတယ်။ တွေ့ဆုံတဲ့နေရာမှာ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) က ဆရာတော်တွေ၊ ကက်သလစ်သာသနာက ဘုန်းတော်ကြီးတွေလည်း ပါဝင်ခဲ့ပါတယ်။*

*ဘာသာရေးဆရာတွေနဲ့ ကာချုပ်တို့ တွေ့ဆုံပွဲမှာ ဘယ်လို အကြောင်းအရာတွေကို ဆွေးနွေးဖြစ်ခဲ့ကြသလဲဆိုတာတွေကို သိရအောင် ဦးဆောင်သွားရောက်တွေ့ဆုံခဲ့တဲ့ KBC အတွင်းရေးမှူး ဆရာတော်ဦးတူးမိုင်ကို မြစ်ကြီးနားသတင်းဂျာနယ်က တွေ့ဆုံမေးမြန်းခဲ့ပါတယ်။*

**ဒီလိုတွေ့ဆုံဖို့ ဖြစ်လာရတဲ့အကြောင်းရင်းလေး ပြောပြပေးပါဦး။**

သူတို့ဘက်ကစပြီး ဖိတ်ခေါ်တာပေါ့နော်၊ကျွန်တော်ယုံကြည်တာက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သွားရင်းလာရင်းနဲ့ နောင်မွန်းဘက်တွေလည်း ရောက်တယ်။ ကချင်ပြည်နယ်မှာရောက်တုန်းရောက်ခိုက်မှာ RC က ဆရာတော်တွေ၊ ကေဘီစီကဆရာတွေ ဆုံပြီးမှ တစ်ခုခုပြောစရာ မှာစရာရှိလို့ ပုံစံမျိုးမဟုတ်ဘဲနဲ့ ရောက်တုန်းကျွန်တော်တို့နဲ့ အတူတကွ မနက်စာစားရင်းနဲ့ပြောတာလည်း အများကြီးပြောဖြစ်ခဲ့ကြပါတယ်။

**တွေ့ဆုံဖို့ ပထမတစ်ခေါက်ချိန်းတုန်းက မတွေ့လိုက်ကြဘူးလို့သိရပါတယ်။ဘယ်လိုကြောင့်လဲ ခင်ဗျ။**

သူတို့ဘက်က တနင်္ဂနွေနေ့တွေ့ဖို့ ပြောတယ်။ အဲ့ဒီနေ့ကျတော့ ကျွန်တော်တို့ဘုရားရှိခိုးတဲ့အချိန်ဆိုတော့ တွေ့မယ့်လူတွေကလည်း သင်းအုပ်ဆရာတွေဆိုတော့ မအားကြဘူး။ ဒါနဲ့ပဲ နောက်နေ့ ၁ နာရီ ပြန်ချိန်းတယ်။ အဲ့နေ့လည်း သူတို့ဘက်က ပြန်အဆင်မပြေတော့ ဖေဖော်ဝါရီ ၅ ရက်နေ့ မနက် ၇ နာရီခွဲမှာ တွေ့ဖြစ်ခဲ့ကြတပါ။

**တွေ့ဆုံတဲ့ထဲမှာ ဘာသာရေး ခေါင်းဆောင်ဘက်က ဘယ်နှဦး၊ တပ်မတော်ဘက်က ဘယ်နှဦးလောက် ပါလဲခင်ဗျ။**

ကေဘီစီဘက်က ၄ ဦး၊ RC ဘက်က ၄ ဦး စုစုပေါင်း ၈ ဦးနဲ့ တွေ့ဆုံခဲ့ကြပါတယ်။ သူတို့ တပ်မတော်ဘက်က ဗိုလ်ချုပ်ကြီးတွေလည်း ၈ ဦးလောက်ပါတယ်။ ကြည်း၊ ရေ၊ လေ တပ်က ဦးစီးချုပ်တွေ ပါတယ်။

**တွေ့ဆုံတဲ့အချိန်မှာ ဘယ်လိုအကြောင်းအရာ ဘယ်လိုကိစ္စရပ်တွေကို ဆွေးနွေးဖြစ်ခဲ့ကြပါသလဲ။**

ကျွန်တော်တို့ ကေဘီစီကတော့ အဓိက စစ်ရှောင်ပြည်သူတွေ အများကြီးကို ကူညီစောင့်ရှောက်နေတဲ့အခါကျတော့ ဒီကိစ္စကိုတင်ပြဖြစ်ပါတယ်။ အဓိကတော့ စစ်ရှောင်ပြည်သူတွေ နေရပ်ပြန်တဲ့အခါမှာ တပ်မတော်၊ ကေအိုင်အို၊ အစိုးရ ရယ် စစ်ရှောင်ပြည်သူတွေကို ကူညီနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေ အားလုံး ညှိနှိုင်းပူးပေါင်းပြီးတော့ သူတို့နေရပ်ပြန်ရေးကို အကောင်းဆုံး စီစဉ်ပြီးတော့ နှစ်ဖက် လက်နက်ကိုင်အဖွဲ့တွေလည်းပဲ အဓိက ခိုင်မာတဲ့ သဘောတူညီချက် လက်မှတ်ထိုးပြီး စစ်ရှောင်တွေနေရပ်ပြန်နိုင်ရင်တော့ သူတို့အတွက် အကောင်းဆုံးဖြစ်မယ်။ ဒါမှမဟုတ်ရင် ဒီအတိုင်းပြန်ပြီးတော့ ဒုက္ခရောက်တာတို့ ထပ်ပြီးတော့ စစ်ရှောင်ရတာတို့ စတဲ့ အတွေ့အကြုံတွေလည်း ရှိတဲ့အခါကျတော့ ဒါကို သူတို့ကို တင်ပြဖြစ်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်က ကေအိုင်အိုနဲ့ တပ်မတော် သဘောတူညီထားတဲ့ အတိုင်း ဒါတွေ စလုပ်ရင်တော့ ပိုပြီးအဆင်ပြေမယ်။ လေးနေရာပေါ့ နှစ်ဖက်တပ်တွေလည်းပဲ သဘောတူခဲ့တဲ့နေရာတွေကို ကောင်းကောင်းမွန်မွန် နေအိမ်ကအစ၊ လယ်ယာစိုက်ပျိုးရေး၊ ကျွဲနွား၊ မွေးမြူရေးကအစ အစစအရာရာ ပြန်ပြီးပံ့ပိုးပေးဖို့၊ ဆေးခန်းတွေ စာသင်ကျောင်းတွေကိုလည်း ပြန်လည်ပြင်ဆင်ပေးဖို့ အဓိက ပထမအချက်ကတော့ မိုင်းရှင်းလင်းတာကို ဒီလေးနေရာကို အရင်လုပ်ပြီးတော့ ပြန်နိုင်ဖို့ နောက်ပြီးကျန်တဲ့နေရာတွေလည်း နေရပ်ပြန်နိုင်ရေးအတွက် လုပ်ဆောင်ဖို့အတွက် ကေဘီစီအနေနဲ့ ဒါတွေကို တင်ပြခဲ့ပါတယ်။

**နေရပ်ပြန်အရေးအတွက် သဘောတူထားခဲ့တဲ့ နေရာ ၄ နေရာတွေက ဘယ်နေရာတွေလဲဗျ။**

သဘောတူထားတာက နန်ဆန်ယန်၊ ဂါးရားယန်၊ ဒဘတ်ယန် အစရှိတဲ့နေရာတွေ ပါပါတယ်၊ နှစ်ဦးနှစ်ဖက် သဘောတူညှိနှိုင်းပြီးတော့သဘောတူထားတဲ့နေရာတွေပါ။ နှစ်ဦးနှစ်ဖက် သဘောတူ ညှိနှိုင်းမှုမရှိတဲ့ နေရာဆိုရင်လည်း ပြဿနာဖြစ်လာနိုင်သေးတာပေါ့။

**ဆရာတို့ ခုလို စစ်ရှောင်အရေးနဲ့ပတ်သက်ပြီး တင်ပြတဲ့အခါ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘက်ကရော ဘယ်လိုပြန်ပြီး ဆွေးနွေးခဲ့လဲခင်ဗျ။**

သူကလည်း အမြန်ဆုံးပြန်စေချင်တယ်။ သူတို့လည်း လုပ်ဆောင်မယ်၊ ဒီနေရာ လေးနေရာမက အားလုံးပြန်နိုင်အောင် သူတို့ကူညီပေးမယ်လို့ ပြောပါတယ်၊ လက်တွေ့အသေးစိတ် စီစဉ်ပြီးတော့ လုပ်ဆောင်ဖို့လည်း လိုအပ်တယ်၊ စစ်ရှောင်တွေရဲ့ စိတ်ဆန္ဒလည်းပါမယ်။ လုံခြုံစိတ်ချမှုလည်း လိုမယ်။ သိက္ခာရှိရှိနဲ့ နေရပ်ပြန်နိုင်ရေး အားလုံးကို စဉ်းစားပြီးတော့ လုပ်ဆောင်ဖို့အတွက် ပြောခဲ့ပါတယ်။

**မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းနဲ့ ပတ်သက်လို့လည်း ဆွေးနွေးခဲ့ကြတယ်လို့ သိရတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

မြစ်ဆုံကိစ္စကိုတော့ RC ဘက်က ဘုန်းတော်ကြီးတွေက သူတို့က တင်ပြပါတယ်၊ မြစ်ဆုံကိစ္စကို ပြည်သူလူထုရဲ့သဘောဆန္ဒ လိုက်လျောပြီးတော့ စဉ်းစားပေးဖို့ကို တင်ပြခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးဗိုလ်ချုပ်မှူးကြီး



မင်းအောင်လှိုင် ဘက်ကလည်း လျှပ်စစ်မီးရဖို့အတွက် လုပ်ဆောင်ဖို့တော့ လိုအပ်တယ်ပေါ့။ ဒါပေမဲ့လည်း မြစ်ဆုံကိစ္စကတော့ ပြည်သူတွေရဲ့ဆန္ဒကို စဉ်းစားပေးရမယ်ဆိုတဲ့ သဘောမျိုးတော့ ပြောခဲ့ပါတယ်။

**တခြား ဘာကိစ္စရပ်တွေကို ထပ်ပြီး ဆွေးနွေးဖြစ်ခဲ့သေးလဲခင်ဗျ။**

ငြိမ်းချမ်းရေးကိစ္စပေါ့။ ဒီကိစ္စကတော့ ဒီဇင်ဘာ ၂၁ မှာ စစ်ရေးလှုပ်ရှားမှု ရပ်တန့်ပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ ကော်မတီလည်း ဖွဲ့စည်းပြီးတာ ရှိပါတယ်။ အခု NRPC နဲ့လည်း ကေအိုင်အို၊ မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေနဲ့ ဆွေးနွေးမှုရှိတဲ့အခါ ဒါကိုလည်း အစိုးရ၊ တပ်မတော် နှစ်ဖက်ကြိုတင်သတ်မှတ်ချက်တွေ မထားရှိဘဲနဲ့ ကောင်းကောင်းမွန်မွန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးတော့ စစ်မှန်တဲ့ငြိမ်းချမ်းရေး ရရှိဖို့ ကျွန်တော်တို့အနေနဲ့ မျှော်လင့်တယ် ဆိုတဲ့အကြောင်းကိုလည်း တင်ပြဖြစ်ခဲ့ပါတယ်။ ပြောဖြစ်ခဲ့ကြတာကတော့ ဒီအချက်တွေပါပဲ။

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆွေးနွေးတဲ့အချိန်မှာ ကေအိုင်အိုနဲ့ ပတ်သက်ပြီးတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဘက်က တစ်စုံတစ်ရာပြောဆိုခဲ့တာမျိုး ရှိခဲ့လား။**

ဒါမျိုးကတော့ ပြောဆိုတာ မရှိခဲ့ပါဘူး။

**ဒီလိုတွေ့ဆုံမှုက ကချင်ပြည်နယ်အရေးအတွက် ဘယ်လောက်ထိ အရေးပါတယ်လို့ မြင်ပါသလဲ။**

ကေဘီစီအတွက်ကတော့ အဓိက သူတို့နဲ့ ငြိမ်းချမ်းရေးအတွက် စစ်ရှောင်အရေးကအစ ကျွန်တော်တို့ကတော့ စစ်ရှောင်တွေကို ကူညီစောင့်ရှောက်နေတဲ့အခါတစ်ခါတလေအခက်အခဲအတားအဆီးတွေ ရှိလာတဲ့အခါမှာလည်း သူတို့ကို တင်ပြပြောဆိုဖို့ သူတို့နဲ့လည်းပဲ ဆက်ဆံပြောဆိုဖို့ ရှိတဲ့အခါကျတော့တစ်ဘက်တစ်လမ်းနဲ့ အကျိုးရှိလာမယ်လို့ မျှော်လင့်ပါတယ်။

**ဆရာတို့အနေနဲ့ ဒီလို စစ်ရှောင်အရေး၊ မြစ်ဆုံအရေး၊ ငြိမ်းချမ်းရေး ဒီလို ကိစ္စရပ်တွေ တင်ပြဆွေးနွေးခဲ့တဲ့အပေါ် သူတို့ဘက်ကရော လက်တွေ့ အကောင်အထည်ဖော်ပေးမယ်လို ယုံကြည်လား။**

အဓိက တောင်းဆိုတာမျိုးတော့ မရှိပါဘူး။ ခုနပြောသလို စစ်ရှောင်တွေ နေရပ်ပြန်ဖို့ကို သူတို့လည်း လုပ်ဆောင်ဖို့ ဆန္ဒရှိတယ်။ ဒါပေမဲ့ လုပ်ဆောင်တဲ့နေရာမှာပဲ အားလုံးစုပေါင်းညှိနှိုင်းဖို့ တင်ပြတာပဲရှိပါတယ်။ ဒါကတော့ သူတို့ကတော့ ပြန်စေချင်တယ် ဆိုတဲ့ သဘောမျိုး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘက်က ပြောပါတယ်။

**ပြီးခဲ့တဲ့လကပဲ နန်ဆန်ယန်ဘက်ကစစ်ရှောင်ပြည်သူတွေ နေရပ်ပြန်ခဲ့ကြတယ်။ တခြားဒေသက စစ်ရှောင်တွေ ဘယ်လို အခက်အခဲတွေကြောင့် မပြန်နိုင်သေးတာလဲခင်ဗျ။**

အဓိကတော့ နှစ်ဖက်တပ်တွေ လက်မှတ်ထိုးတာ မရှိသေးဘူး။ တပ်မတော်ဘက်ကတော့ ၄ လ သူတို့ရပ်ထားတာတော့ ရှိတယ်။ ဒါပေမဲ့ ခိုင်ခိုင်မာမာနဲ့ လက်မှတ်ထိုးတာ မရှိတဲ့အတွက် ဒါ စိုးရိမ်ရတာပါပဲ။

**ဟုတ်ကဲ့ပါ။ ဆရာ့အနေနဲ့ ကော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နဲ့ သွားရောက် တွေ့ဆုံခဲ့ကြတာနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေကို ပြောစရာစကားများရှိရင် မြစ်ကြီးနားသတင်းဂျာနယ်ကနေတစ်ဆင့် ပြောပြပေးပါဦး။**

ကျွန်တော်တို့ စစ်မှန်တဲ့ငြိမ်းချမ်းရေးရပြီးတော့ ဗိုလ်ချုပ်မှူးကြီးလည်း ပြောပါတယ်။ ငြိမ်းချမ်းပြီးတော့ တိုးတက်ဖွံ့ဖြိုးဖို့ ပြည်သူတွေလည်း ဒုက္ခရောက်နေတာ ဒီကနေလည်း ကင်းဝေးဖို့ ဒါကို သူတို့မျှော်လင့်တယ်။ ကျွန်တော်တို့ကလည်း အဓိက ဒါကိုပဲ မျှော်လင့်ပါတယ်။ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ရရှိပြီးတော့ပြည်သူလူထုတွေ အေးအေးချမ်းချမ်းနဲ့ နေထိုင်နိုင်ဖို့ မျှော်လင့်ပါတယ် ခင်ဗျ။

Salai

# နန်ဆန်ယန်ရောက် ရွာသားများနှင့် စစ်ရှောင်စခန်းတွင် ကျန်ခဲ့သူတို့ကြား အပြုသဘောဆောင်သည့် မကျေနပ်မှုများ ရှိနေ

ဖေဖော်ဝါရီ ၇

ဝိုင်းမော်မြို့နယ်၊ နန်ဆန်ယန်ကျေးရွာသို့ ပြန်လည်နေထိုင်ကြသည့် စစ်ရှောင်ဒေသခံများကို ၎င်းတို့နေထိုင်ခဲ့သည့်စစ်ရှောင်စခန်းများမှ စာရင်းထုတ်ပယ်လိုက်မည်ကို ရွာပြန်စစ်ရှောင်များက စိုးရိမ်နေကြပြီး စခန်းတွင် ကျန်နေခဲ့သည့်စစ်ရှောင်များကလည်း ပြန်သွားသူများအပေါ် ကရုဏာဒေါသဖြစ်ကာ မကျေနပ်မှုတချို့ ရှိနေကြကြောင်း သိရသည်။

ရွာရောက်နေသူများ အနေဖြင့် နန်ဆန်ယန်ကျေးရွာတွင် အတည်တကျ နေရာမကျသေးသဖြင့် စစ်ရှောင်စခန်းမှ ထုတ်ပယ်ခြင်း မပြုသေးဘဲ နေရာအတည်တကျဖြစ်သည့်အချိန်အထိ စောင့်ပေးကြရန် ပြောသကဲ့သို့ ကျန်နေခဲ့သည့် စစ်ရှောင်များကလည်း အဆင်သင့်မဖြစ်သေးမီ ပြန်ကြသည့်အတွက် ၎င်းတို့အပေါ် မကျေနပ်နေခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ဒီမှာ အတည်နေတယ် မနေဘူးဆိုတာကလည်း မသိရသေးတော့ အရမ်းခက်နေတယ်။ စခန်းက ထွက်မယ်ပြောလိုက်ပြန်ရင် ဒီမှာအတည်တကျက ပြန်မဖြစ်သေး ဆိုတော့ ပြောရခက်နေတယ်။ တပ်မတော်ကလည်း ပြန်သွားပြီလား၊ နေမှာလားဆိုပြီး ခဏခဏ လာမေးကြတယ်။ အဲဒါကို စိုးရိမ်နေရတယ်"ဟု နန်ဆန်ရွာဒေသခံ ဦးမွေဂျန်လတောင် က ဆက်လက်ပြောသည်။

၎င်းတို့အနေဖြင့် စစ်ကြောင့် ပျက်စီးသွားပြီဖြစ်သည့်ရွာနှင့်မိမိတို့၏နေအိမ်ခြံဝန်းများကို ပြန်လည်ရှင်းလင်း ပြုပြင်နေရသည့်အတွက်စစ်ရှောင်စခန်းမှအပြီးတိုင် နုတ်ထွက်ရန်အတွက် အချိန် ပေးစေလိုကြောင်း၊ ပျက်စီးသွားသည်များကို မပြုပြင်ဘဲ ပစ်ထားပါက တစ်နှစ်တစ်နှစ် ပျက်စီးမှု များသည်ထက် များလာမည်ကိုလည်း စိုးရိမ်နေရသဖြင့် ပြန်ရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ဦးမွေဂျန်လတောင်က "သူတို့က တားဆီးထား သလိုလို၊ ခြိမ်းခြောက်သလိုလို ပြောနေတော့ ရှေ့ဆက်ပြီး ပျက်ရင် သူတို့ လျော်ပေးမှာလား။ ပြန်နိုင်ပြီဆိုတဲ့တစ်နေ့ကျရင်သူတို့ကျွန်တော်တို့ကို ဟိုးတုန်းက သိန်းထောင်ချီရင်းနှီးထားတဲ့ အရင်းအနှီး ပြန်ပေးကြမှာလား။ အရမ်းလည်း ပျက်စီးနေပြီ။ ရှေ့ဆက်ပြီး ပျက်တာတွေကို သူတို့တာဝန်ယူပေးမှာလား ဆိုတာကအစ ကျွန်တော်တို့ မေးချင်လာတယ်။ လူမနေသရွေ့တော့ ပျက်စီးပြီးရင်း ပျက်စီးနေမယ်။ ပြီးတော့ ပစ္စည်းတွေလည်း ဆက်ပျောက်နေဦးမှာ ဖြစ်တယ်" ဟု ပြောသည်။

ယခင်နှစ်များက လာကြည့်ချိန်တွင် နေအိမ်တံခါးများနှင့် အိမ်တွင်းပစ္စည်းများ ပျက်စီးမှုနှင့် ပျောက်ဆုံးမှု နည်းပါးသော်လည်း ယခုအချိန်တွင် ပျက်စီးမှုနှင့် ပျောက်ဆုံးမှုများ ရှိနေသည်ကိုတွေ့ရသည့်အတွက် စိတ်မကောင်းကြောင်းလည်း ဒေသခံများ ပြောသည်။

"တစ်နေ့ပြီး တစ်နေ့ ပစ္စည်းတွေက ပျက်တာက ပျက်၊ ပျောက်တာကပျောက်နဲ့ ဘာမှ မရှိလာတော့ဘူး။ ဒေသခံတွေက မပြန်ရဲတော့ စစ်ရှောင်စခန်းမှာ နေနေကြတာ ဒီကိုလာရဲတဲ့ အနီးအနားကလူတွေက စစ်ရှောင်တွေရဲ့ ပစ္စည်းတွေကို ကောက်ပဲ ကောက်ယူသွားကြတယ်။ ဒီကို ပြန်လာပြီး အိမ်တွေနဲ့ ပစ္စည်းတွေ လာကြည့်မယ်ဆိုရင် စခန်း တာဝန်ခံတွေက မပြန်ခိုင်းဘူး။ ပြန်ရင် စခန်းက ထုတ်လိုက်မယ်လို့ ပြောတော့ ဘယ်သူမှ မပြန်ကြတော့ဘူးလေ"ဟု နန်ဆန်ယန်ကျေးရွာဒေသခံ ဒေါ်ရှီကျန့်ကျန်းမျော် က ပြောသည်။

ထိုသို့ စစ်ရှောင်များ လာရောက်ကြည့်ရှုနိုင်ခြင်း မရှိသည့်အတွက် ၎င်းတို့ ထားခဲ့သည့် ပစ္စည်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ယူသွားကြသဖြင့် ၎င်းတို့၏ပစ္စည်းများ ပျောက်ရှမှု များနေကြောင်းနှင့် အိမ်ခြံဝန်းများကိုလည်း ခြံရှင် ခွင့်ပြုချက်မရှိဘဲ ရွှေများ တူးဖော်ယူခြင်းများလည်းရှိနေကြောင်း သိရသည်။

"အခု ကျွန်မတို့ ပြန်လာနေမယ်ဆိုတော့ အိမ်ခြံဝန်းကို အသိမပေးဘဲ ရွှေတူးသွားကြတယ်။ အိမ်ကိုလည်း ဖျက်ဆီးပြီးတော့ တူးကြတာ အခု နှစ်ခန်းတွဲပဲ ကျန်တော့တယ်။ ခြံဝန်းကအနံက ၁၂၀၊ အလျားက ၁၅၀၊ ၂၀၀ လောက် ရှိတယ်။ ပစ္စည်း မရှိရင်တောင် အိမ်နဲ့ခြံဝင်း ရှိထားတော့ အဆင်ပြေတယ်။ အခုကျတော့ အိမ်တွေကလည်း ပျက်စီးသွားပြီး ခြံဝန်းကလည်း ရွှေတူးသွားတော့ ဘယ်မှာမှ နေစရာမရှိတော့ဘူး"ဟု နန်ဆန်ယန်ကျေးရွာ ဒေသခံ



ဒေါ်စန်းစန်းဝင်းက ပြောသည်။

ထို့အပြင် မသမာသည့် ကုမ္ပဏီကြီးများ ဝင်လာမည်ကိုလည်း စိုးရိမ်နေရပြီး ၎င်းတို့အနေဖြင့် ရှေ့ဆောင်လမ်းပြကောင်းဖြစ်ရန် မိမိ၏ကျေးရွာကို ကာကွယ်ရမည်ဖြစ်ကြောင်းနှင့် ပြန်လာချင်သည့် နန်ဆန်ယန်ကျေးရွာသူ၊ ကျေးရွာသားများလည်း ပြန်လာကြရန် နေရပ်ရောက် ဒေသခံများက ခေါ်နေကြသည်။

"တခြားသူတွေကလည်း ပြန်လာကြည့်ချင်ကြတယ်။ ဒါပေမဲ့ စခန်းက ထုတ်လိုက်မှာစိုးလို့ မလာရဲကြဘူး။ နိုင်ငံခြားက အဖွဲ့တွေပဲ ထောက်ပံ့နေကြတာဆိုတော့ ကျွန်တော်တို့ လူမျိုး အချင်းချင်းက စခန်းကထုတ်မယ် မထုတ်ဘူး ဆိုတာကို မပြောသင့်ဘူးလို့ စဉ်းစားမိပါတယ်"ဟု ဦးမွေဂျန်လတောင်က ပြောသည်။

ယခင်က ရွှေလုပ်ငန်း လုပ်ပြီး ၁၀ နှစ်ကျော်နေခဲ့သည့် ဦးကျော်ဝင်းကလည်း "စစ်ရှောင်စခန်းမှာတော့ မနေဘူး။ စစ်ရှောင်စခန်းမှာ နေရင် သူတို့ထောက်ပံ့တာနဲ့ပဲ ကလေးတွေကို မထောက်ပံ့နိုင်မှာစိုးရိမ်လို့ အပြင်မှာပဲနေတာ။ စစ်ဖြစ်တော့ ပစ္စည်းတွေအားလုံး ကျန်ခဲ့တာ။ အခုကျ ဘာတစ်ခုမှ မရှိတော့ဘူး။ ဒီမှာပဲ ပြန်နေဖို့ ဆုံးဖြတ်ထားပါတယ်။ ကိုယ့်ခြံကိုယ်အိမ်နဲ့ဆိုတော့ အဆင်ပြေတယ်လေ" ဟု ပြောသည်။

"နှစ်ဖက်သော လက်နက်ကိုင်တွေအနေနဲ့ ကျွန်တော်တို့ကို လာပြီးမနှောင့်ယှက်ရင်တော်ပြီ။ သူတို့ရဲ့ သားသမီးက ကျွန်တော်တို့ ဟုတ်တယ်။ KBC အနေနဲ့ ကျွန်တော်တို့ကို ပြန်နေကြပါလို့သာ ပြောသင့်တယ်လို့ ထင်တာပဲ။ မင်းတို့ ပြန်ကြ၊ ပြန်ဒုက္ခရောက်လာလို့ရှိရင် ပြန်လာကြလို့ ပြောလိုက်ရမှာလေ"ဟု ဦးမွေဂျန်လတောင်က ပြောသည်။

၂၀၁၇ ခုနှစ် ခရစ်စမတ်ပွဲနေ့တွင် ကျေးရွာ ၂၃ ရွာ စုစည်းထားသည့် KBC အသင်းတော် ဆမာဇုန်းနယ်အတွင်းရှိ အသင်းသားများအားလုံးအနေဖြင့် အောင်မြေ (၁) ကျေးရွာတွင် စုဝေးပြီး စစ်ရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးကို ဆွေးနွေးခဲ့ကြရာ အားလုံးက နေရပ်ပြန်ရန် သဘောတူကြောင်း စာရေးသားခဲ့ကြသော်လည်း ယခုအချိန်တွင် ၎င်းတို့ နေရပ်ပြန်ခြင်းအပေါ် သဘောမတူသည့်အလား ပြောဆိုနေကြကြောင်း ဒေသခံ ပြည်သူများက ပြောသည်။

"သူတို့က အခြေအနေမဟန်ရင်ပြန်လာကြလို့ပြောရမှာကို သူတို့က ပြန်မလာကြနဲ့တော့။ စစ်ပြန်ဖြစ်လာရင် ဒီကိုပြန်မလာနဲ့ ပြောထားတယ်။ စခန်းက ထုတ်လိုက်ပြီဆိုတော့ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် ဒီမှာပဲ နေတော့မယ်ဆိုပြီး အိမ်ပြင်နေတာ။ စခန်းကို သွားပြီး နွား သွားမောင်းယူရဦးမယ်။ အဲဒါပြီးရင်တော့ ကျွန်တော်တို့ မိသားစုကတော့ ဘာပဲဖြစ်ဖြစ် ဒီမှာပဲ နေတော့မယ်။ တကယ်လို့



စစ်ဖြစ်လာလို့ ဒီက ပြန်မောင်းထုတ်ရင် အရင်က နေရာမှာ မပြန်ရတော့ဘူးဆိုတော့ ကျွန်တော်တို့ကို နေစရာနေရာ ပြန်ပြပေးပေါ့"ဟု နန်ဆန်ယန်ကျေးရွာ ဒေသခံဦးဂျန်မလက ပြောသည်။

နေရပ်ပြန် ပြည်သူတစ်ဦးချင်းစီအတွက် တပ်မတော်မှ ဆန် ၁၂ ပြည်၊ ဆီတစ်ပိဿာ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ရေပုံး၊ ခြင်ထောင် စသည့် အခြားသော ထောက်ပံ့ပစ္စည်းများကို တစ်လစာလာရောက် ထောက်ပံ့ပေးသွားကြောင်းလည်း သိရသည်။

"ဒီကို ပြန်လာတဲ့သူတွေ အားလုံးက ဒီရွာကို အရင်တုန်းကလို မြို့ပြန်ဖြစ်အောင် လုပ်ကြမယ်ဆိုပြီး ဆုံးဖြတ်ထားကြတာ။ အဲဒါကို ကျွန်တော်တို့ အားလုံး ရင်ထဲမှာ ရှိတော့ ပြန်လည်းမဟုတ်၊ နေလည်းမဟုတ် ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ဒီမှာ အတည်တကျ ဖြစ်ပြီဆိုတဲ့အချိန်ကျရင် စခန်းက ထွက်ပါမယ်။ အခုတော့ ဒီအတိုင်း ထားထားပေးကြဖို့လည်း ပြောချင်ပါတယ်"ဟု ဦးမွေဂျန်လတောင်က ပြောသည်။

ယင်းကျေးရွာသည် ယခင် စစ်မဖြစ်ခင် ကာလတွင် အိမ်ခြေ ၆၀၀ ကျော် နေထိုင်ကြပြီး ရွှေမှော်ရှိသည့်အတွက် ဈေးရောင်းကာ မိမိအိမ်ပိုင်ယာပိုင်ဖြင့် လယ်ယာများ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုး လုပ်ကိုင်စားသောက်ခဲ့သည့် ရွာ ဖြစ်ခဲ့ကြောင်းနှင့် မြစ်ကြီးနားနှင့် ဗန်းမော်သွားသော လမ်းမကြီးလည်း ရှိသည့် ရွာဖြစ်သည့်အတွက် စီးပွားရေး အချက်အချာကျသည့် ရွာလည်း ဖြစ်ခဲ့သည်။

မွန်းမွန်းပန်/ Ah Je



# အရှေ့တောင်အာရှ ကာယဗလအားကစားပြိုင်ပွဲကြီးအတွက် ဝိုင်းမော်မြို့မှ ကစားသမားသုံးဦး ရွေးချယ်ခံရ

မြစ်ကြီးနား၊ ဇန်နဝါရီ ၃၁

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် လူရွေးချယ်ပွဲကြီးဖြစ်သော အမျိုးသားတံခွန်စိုက် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကြီးကို ရန်ကုန်မြို့ MCC ခန်းမ၌ ဇန်နဝါရီလ ၂၀ ရက်နေ့က ကျင်းပခဲ့ရာ ဝိုင်းမော်မြို့မှ ကစားသမားသုံးဦး ရွေးချယ်ခံရကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကြီးတွင် ဝိုင်းမော်မြို့မှ ကစားသမားများဖြစ်သော ဂျေဝါနော်အောင်၊ လထော်ဖော်တောင်၊ ဝင်းရည်နှင်းနှင့်တင့်ညွန့်ထွန်းတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ကီလို ၈၀ တန်းတွင် ဒုတိယ၊ ကီလို ၇၀ တန်းတွင် တတိယ၊ ၄၅ နှစ်အထက် သက်ကြီးမောင်တွင် ဒုတိယ၊ အရပ်အမြင့် ၁၆၀ စင်တီမီတာအောက် အမျိုးသမီး Model Physique တွင် ဒုတိယနှင့် ပထမဦးဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့သော အမျိုးသား၊ အမျိုးသမီးစုံတွဲပြိုင်ပွဲ (Mixed Pairs) တွင် ပထမဆုတို့ကို ရရှိခဲ့ကြကြောင်း သိရသည်။

အရှေ့တောင် အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကြီးအတွက် လူရွေးချယ်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းနှင့်ပြည်နယ်များမှ အားကစားသမား အယောက်တစ်ရာခန့် လာရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံကိုယ်စားပြုအဖြစ် ကချင်ပြည်နယ်မှ ဂျေဝါနော်အောင်၊ လထော်ဖော်တောင်နှင့် ဝတ်ရည်နှင်းတို့ ပဏာမ ရွေးချယ်ခံရကြောင်း ဂျေဝါနော်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"လာပြိုင်တဲ့ သူတွေက အရေအတွက် နည်းတယ်။ ဘာလို့ဆို မြန်မာ့လက်ရွေးစင်ချန်ပီယံဟောင်းတွေက ဆီးဂိမ်းအတွက် လူရွေးတာဖြစ်တဲ့အတွက် ပြင်ဆင်မှုအားနည်းတဲ့သူတွေ သိပ်မလာဘူး။ မြန်မာ့လက်ရွေးစင်လူရွေးပွဲ ဖြစ်တဲ့အတွက် အရမ်းပြင်ဆင်ထားတဲ့ လူတွေချည်းပဲ၊ ဒိတ်ဒိတ်ကျဲတွေချည်းပဲလာတာ" ဟု ဂျေဝါနော်အောင်က ပြောသည်။

၎င်းတို့အနေဖြင့်ပြိုင်ပွဲအတွက်အစားအသောက်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အစရှိသည်တို့ကို ခြောက်လခန့် ကြိုးစားပြင်ဆင်ခဲ့ရကြောင်းနှင့် ယင်းကဲ့သို့ ကြိုးစားယှဉ်ပြိုင်ခဲ့သောကြောင့် ဆု(၅)ဆုအပြင် အရှေ့တောင်အာရှ ပြိုင်ပွဲအတွက်လည်း ရွေးချယ်ခံခဲ့ရကြောင်း ဂျေဝါနော်အောင်က ဆက်လက်ပြောသည်။

"လေး၊ ငါး၊ ခြောက်လလောက် ပြင်ဆင်မှုတွေလုပ်ရတယ်။ အစားသောက်ပိုင်းဆိုင်ရာရော အကုန်လုံး။ အဆီတက်မယ့်ဟာတွေ အကုန်ရှောင်ရတယ်။ အသား၊ ပရိုတင်းတွေ အများကြီးဖြည့်ရတယ်။ အသားပြုတ်တွေ စားရတယ်။ Training ကို ည၊ မနက်။ ပြင်းပြင်းထန်ထန်ဆော့ရတယ်"ဟု ၎င်းက ဆိုသည်။

နိုင်ငံကိုယ်စားပြု ရွေးချယ်ခံရသော ဝိုင်းမော်သူ/သား သုံးဦးတို့သည် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယ ကြံ့ခိုင်မှုပြိုင်ပွဲကြီး မတိုင်မီအတွင်း၌အဖွဲ့ချုပ်မှ ၎င်းတို့၏ ခန္ဓာကိုယ်အနေအထားများ၊ ကြွက်သားများ အရည်အသွေးကောင်းမွန်အောင်၊ Body Weight ထိန်းသိမ်းမှုဆိုင်ရာများကို ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကိုလာမည့် မေလ ၁၆ ရက်နေ့မှ ၂၁ရက်နေ့အထိ ရန်ကုန်မြို့ MCC ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ah Je/ Benadeth









# ကချင်ပြည်နယ်မှာ ပထမဆုံး လက်ခံကျင်းပတဲ့ MRS. SUMMER INTERNATIONAL MYAMAR ပြိုင်ပွဲ




ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ်တွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် MRS. SUMMER INTERNATIONAL MYAMAR 2019 မှ တိုင်းနှင့်ပြည်နယ် ကိုယ်စားပြု အလှမယ် ၂၁ ဦးက မြစ်ကြီးနား၊ အောင်နန်း RC ဘုရားကျောင်းတွင် ဖေဖော်ဝါရီလ ၈ ရက်က မိတ်ဆက်ပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါပွဲ ကျင်းပရခြင်းမှာ မြန်မာနိုင်ငံက အိမ်ထောင်ရှင်အမျိုးသမီးများအနေဖြင့် ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ပြီဖြစ်ကြောင်း ချပြနိုင်ရန်နှင့် မြန်မာနိုင်ငံရှိ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို ကမ္ဘာက သိအောင် ချပြချင်သည့် ရည်ရွယ်ချက်တို့ဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို အလှမယ်များမှာ ၂၀၁၈ ခုနှစ် ဇွန်လမှ စတင်၍ တိုင်းနှင့်ပြည်နယ် အသီးသီးတွင် ကိုယ်စားပြုရွေးချယ်ထားသည့် အိမ်ထောင်ရှင် အမျိုးသမီးများဖြစ်ပြီး ယင်း အလှမယ်များသည် လာမည့် ဖေဖော်ဝါရီလ ၁၅ ရက်တွင် GRAND FINAL ပွဲကို မနောင်ကွင်းမှာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ အိမ်ထောင်ရှင် အမျိုးသမီးတွေအနေနဲ့ အိမ်ထောင်ပြုလိုက်ပြီဆို အိမ်ထဲမှာပဲမနေဘဲနဲ့ ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ ကမ္ဘာနဲ့ ယှဉ်ပြီးတော့ ကိုယ်ပြုလုပ်နိုင်တယ်ဆိုတဲ့ အကြောင်းအရာတွေကို ချပြနိုင်အောင်လို့ ဒီလို အိမ်ထောင်ရှင်အမျိုးသမီး အလှမယ်ပြိုင်ပွဲတွေမှာ ပါဝင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု တွဲဖက်ဒါရိုက်တာ MRS.နုနုဝင်းက ပြောသည်။

MRS. SUMMER INTERNATIONAL MYAMAR 2019 ရရှိမည့် အလှမယ်အနေဖြင့် ယခုနှစ် ဇွန်လအတွင်း အမေရိကန်ပြည်ထောင်စုတွင် ပြုလုပ်ကျင်းပမည့်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း MRS SUMMER INTERNATIONAL MYAMAR 2019 တွဲဖက်ဒါရိုက်တာ MRS နုနုဝင်းက ပြောသည်။

မွန်းမွန်းပန်

Grand Manaw Restaurant

သန့်ရှင်းသပ်ရပ်တဲ့ ကချင်ရိုးရာအစားအစာနဲ့ အနောက်တိုင်းအစားအစာများအပြင် အဖျော်ယမကာများကိုလူကြီးမင်းတို့ စိတ်တိုင်းကျ သုံးဆောင်နိုင်ပါသည်။







ဖေဖော်ဝါရီ ၁၄ ရက်နေ့ တွင်အထူးအစီအစဉ် အဖြစ်
Ticket (၁၂၀၀၀)ကျပ်ကိုဝယ်ယူပြီး
ညနေ ၅နာရီမှ ၁၁ နာရီထိဘူဖေးစနစ်ဖြင့်
မိမိစိတ်တိုင်းကျသုံးဆောင်နိုင်ပါသည်။

တစ်လတွင် ၂ ကြိမ် Unplugged Show
အစီအစဉ်ရှိပါသည်။

ဆက်သွယ်ရန်
အမှတ်(၉၁)A၊တပ်ကုန်းအင်ဂျန်နီယာမြောက်၊မေတ္တာရင်ခွင်မိဘမဲ့ဂေဟာရှေ့။
ဖုန်း - ၀၉-၄၂၈၁၃၇၅၃၁၊၀၉-၆၉၁၂၃၇၅၃၁



မြစ်ကြီးနားသတင်းဂျာနယ်
ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ
အပတ်စဉ်
တနင်္လာနေ့တိုင်း ထွက်
ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်၊
၀၉-၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၁၂၁၉၃
လပေးနစ်ချုပ် မှာယူနိုင်သည်။
လက်ဖွေ့ရောင်းချလိုသူများဆက်သွယ်နိုင်သည်။
ဖုန်း - ၀၉-၄၅၉၄၅၂၉၀၂၊ ၀၉-၂၅၆၃၆၀၂၇၄၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၇၉၆၉၂၇၃၅၃
အမှတ် (၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။

MORNING STAR COMPUTER TRAINING CENTER

ကွန်ပျူတာ ပြုပြင်
မိတ္တူ၊ ကွန်ပျူတာ စာစီ/စာရိုက်
ဖိတ်စာအမျိုးမျိုး၊ လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း

CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်

Available Course
- Microsoft Essential Course
- Adobe Photoshop
- Adobe InDesign
- Adobe Illustrator
- Sound Editing
- AutoCAD
- Programming
- Photoshop For Fashion Designer
- Advance Excel
- A+
- Networking
- Video Editing
- Web Design
- Data Base
- Book Keeping

ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ။

Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ။

contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com